မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၉၅)၊ အမှတ် (၃၁၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ အုပ်ချုပ်မှုအလံတော် တစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသမှာမဆို နေထိုင်ကြသည့် ပြည်သူအားလုံး၏ တလုံးတစည်း တညီတညွတ်တည်းသော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုး တန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင် အမျိုးစောင့်(ဝံသာနုရက္ခိတ) တရားပေါ်တွင် တည်ဆောက်ထားသည့် စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ တစ်ရေတည်း သောက် တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူ၊ ရှိအတူ၊ အေးအတူ ပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၀)သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

ခြံစည်းရိုး ကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး သန်လျင်တပ်နယ် ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူပင်ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ရန်ကုန်တိုင်းအနေဖြင့် ယခုနှစ်မှစတင်၍ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကေါ်ဝါးသိန်း စိုက်ပျိုးပြီးဖြစ်ရန် မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်များစုဆောင်းခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း။

အင်တိုက်အားတိုက်

တိုင်း၏ ခြံစည်းရိုးကြက်ဆူပင် ဧကေါ်ဝါးသိန်း ရည်မှန်းချက်အောင်မြင်စေရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များကလည်း အင်တိုက်အားတိုက် စိုက်ပျိုးကြစေလိုကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ✡

မြန်မာ့အလင်း (၉၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

❑ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသူ၊ကျောင်းသား လူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ မိမိဒေသမှစ၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းစွမ်းဆောင်ပေးလိုသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက် စေတနာထား လေ့ကျင့်ပျိုးထောင်။

ခေါင်းကြီး (စာ-၂)

❑ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် အသွင်သဏ္ဍာန်အားဖြင့် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် တစ်ပင်တည်းသော ပြည်ထောင်စုကိုအခြေပြုထားသည့် အကိုင်း၊ အခက်၊ အလက်သဖွယ် သွေးရင်းသားရင်းညီနောင်များ၊ အညှာတစ်ခုတည်းမှ ပေါက်ဖွားလာသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဖြစ်ကြပေရာ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ပြည်ထောင်စုရိပ်မြုံကြီး ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေအောင် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဖော်ဆောင်။

မောင်ငြိမ်းချမ်း၏ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးနေမည့် ပြည်ထောင်စုရိပ်မြုံကြီး ဆောင်းပါး (စာ-၈)

❑ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကချင်ပြည်နယ်

သတင်းဓာတ်ပုံမှတ်တမ်း (စာ-၉)

❑ မျိုးချစ်ဇာနည် မြန်မာ့ဂုဏ်ရည်

ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ (စာ-၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာအောင် ပျိုးထောင်ပေး

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုးမှုကို အခြေခံသည့် မှန်ကန်သော ကြိုးပမ်းအားထုတ်မှုဖြင့် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဤရည်မှန်းချက် ပြည့်ဝအောင်မြင်စေရေးအတွက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသော တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေး အခြေခံကောင်းများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်သည့် ပညာရေး အခြေခံကောင်းများကိုလည်း တည်ဆောက်ထားနိုင်ပြီဖြစ်သည်။

ဖေဖော်ဝါရီလ၆ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပသော အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌–

"မိမိတို့၏ ပညာရပ်ဆိုင်ရာစွမ်းအားဖြင့် မိမိနိုင်ငံ မိမိလူမျိုးကို မြှင့်တင်ပေးလိုသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာနေစေအောင် ပညာရေးကဏ္ဍက ကြိုတင်လေ့ကျင့်ပျိုးထောင်ပေးထားနိုင်မှသာ အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ယှဉ်တွဲဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်း သာယာဝပြောစွာဖြင့် အစွန့်ရှည် တည်တံ့ခိုင်မြဲနိုင်မည် ဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

ပညာရေးကဏ္ဍအနေဖြင့် မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရေးသည် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်သာမက ဝိဇ္ဇာပညာရပ်များလည်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

ဝိဇ္ဇာပညာရပ်များ တိုးတက်ထွန်းကားပြီး အသိပညာရှင်များ ပေါ်ထွန်းနေမှသာ မိမိတို့နိုင်ငံသူနိုင်ငံသားများသည် မှန်မှားကောင်းဆိုး အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြား ချင့်ချိန်နိုင်သော အသိဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရားဖြင့် ပြည့်ဝမည်ဖြစ်သည်။ ပြည်သူအများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မားပြီး ဆိုးကောင်းမှန်မှား ချင့်ချိန်နိုင်ပါမှ မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းသည် တရားမဲ့ပြုကျင့်မှုများ၊ ဥပဒေစည်းကမ်း ဖောက်ဖျက်မှုများကင်းရှင်းသည့် တည်ငြိမ်အေးချမ်းပြီး သာယာမျှတသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။

အလားတူပင် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီရယူပြီး အရည်အသွေးမြင့်မားသည့် အတတ်ပညာရှင် နည်းပညာရှင်များ ပြည့်စုံလုံလောက်စွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာ မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေးအတွက် မိမိတို့၏ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားဖြင့် ဖော်ဆောင်ပေး နိုင်မည်ဖြစ်သည်။

ဤမျှော်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး မြှင့်တင်မှုအစီအစဉ်များ၊ အမျိုးသား ပညာရည်မြင့်မားရေး အထူး(၄)နှစ်စီမံကိန်းနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း တို့ကိုချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို စနစ်တကျချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတော်အတွက် ရေရှည်လိုအပ်မည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ခေတ်နှင့်လျော်ညီစွာ အရည်အသွေး မြင့်မြင့်မားမားနှင့် စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်၊ နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာ၊သိပ္ပံပညာရပ်များနှင့် နည်းပညာရပ်များ ထွန်းကားပြန့်ပွားစေရန် ဆရာ၊ ဆရာမများအားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုပေသည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသူ၊ကျောင်းသား လူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ မိမိဒေသမှစ၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းစွမ်းဆောင်ပေးလိုသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက် စေတနာထားလေ့ကျင့်ပျိုးထောင်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၁၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၆)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်/ စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ စက်ရေတွင်း ကြက်ဆူဆီဖြင့်မောင်းနှင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက်တွင် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့သွားရောက်ပြီး အဖွဲ့၏အစည်းအဝေးခန်းမ၌ အမှုဆောင်အရာရှိ ဦးခင်ဇော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသောင်းလွင်တို့က ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သောလုပ်ငန်းများနှင့် မြို့သာယာလှပရေး၊ မြို့ရေပေးရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြမှုအပေါ် ညွှန်ကြားရေးမှူး ဦးကံလှက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်နေသော ငှက္ကတောင်ကျေးရွာရှိ အလှူရှင်စက်ရေတွင်းနှင့် ကြက်ဆူကိုင်း၊ ပျိုးပင်နှင့် မျိုးစေ့များကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လေးလက်မစက်ရေတွင်းသည် အနက်ပေ ၅၄၀ရှိပြီး မြင်းကောင်ရေ ၂၂ကောင်၊လေးလက်မ နှစ်လုံးထိုး လေမှုတ်စက်ဖြင့် တပ်ဆင်ထားပြီး ကြက်ဆူဆီဖြင့်မောင်းနှင်ရာ တစ်နာရီလျှင် ရေထွက်နှုန်းမှာ ဂါလန် ၁၂၀၀ ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ အဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္ဘာ့ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မ ဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် အကြိမ်(၁၅၀)မြောက်အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်း ဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆- ၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၇း၁၀	တေးဂီတအစီအစဉ်
၇း၁၅	Myanmar Video Rhythm
၈း၀၅	အရက်အန္တရာယ်
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	ပြည်ပသို့ထွက်ခွာခွင့်ပုံစံ "ဃ" (D-Form) အကြောင်း သိကောင်းစရာ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	မော်တုံးကြီးကျောက်ငါး မွေးမြူရေးစခန်း(ကျွန်းစုမြို့နယ်၊မြိတ်မြို့)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ဆီးချို၊သွေးချိုရောဂါအကြောင်း ဟောပြောချက် အပိုင်း(၂)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သစ်ဆိမ့်ဖူးစာ(သျှားညို၊ခိုင်နှင်းဝေ)
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	Video Magaazine (Part I)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မြန်မာစာ၊ မြန်မာစကား(၅)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Charlton-Liverpool	5-Movies(Live)

FA ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Chelsea-Everton	5-Sports(Live)

✡ ရှေ့ဖုံးမှ

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် အပင်မှထွက်ရှိသည့် အစေ့ကို ကြိတ်၍ရရှိသော အဆီကို ဘိုင်အိုဒီဇယ်အဖြစ် တိုက်ရိုက်သုံးစွဲနိုင်ခြင်း၊ ကြိတ်ဖတ်ကို မြေသြဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ ဆေးဖက်ဝင်ပစ္စည်းအဖြစ် အသုံးပြုနိုင်ခြင်း၊ မြေဆီ၊ မြေလွှာများ မပျက်စီးစေရန် ထိန်းသိမ်းပေးနိုင်ခြင်းနှင့် ထင်းနှင့် လောင်စာရရှိစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

ထို့ကြောင့် နိုင်ငံတော်၏စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ပြီး ပြည်သူများအတွက် ရေရှည်အကျိုး ဖြစ်ထွန်းမည့် ခြံစည်းရိုးကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဦးက ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း မန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာနှင့် အသုံးဝင်ပုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပျိုးဥယျာဉ်ကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်အတွင်းထည့်သွင်း ပျိုးထောင်ပေးကြပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ စုဆောင်းထားရှိသည့် ခြံစည်းရိုး ကြက်ဆူမျိုးစေ့ လေးသောင်း ပျိုးထောင်ထားသော ပျိုးဥယျာဉ်ကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုး ကြက်ဆူ ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊တပ်သားများ၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စုပေါင်းပျိုးထောင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း သန်လျင်တပ်နယ် ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော်တွင် ခြံစည်းရိုး ကြက်ဆူပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဝါဒသင်တန်းတက်လိုသူများ ဓမ္မဒါနပို့ဆောင်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် လော့်ကားလမ်း ဓမ္မဒါနအဖွဲ့က ဒဂုံမြို့သစ် (မြောက်ပိုင်း) ၁၆ ရပ်ကွက် မိုးညှင်းသီဂီကျောင်းတိုက်တွင် ပဓာနနာယက ဆရာတော် အရှင်ဇေယျပဏ္ဍိတက သင်ကြားပို့ချမည့် ဗုဒ္ဓဝါဒသင်တန်းများသို့ တက်ရောက်လိုသူများအား ခရီးစရိတ်နှင့် သင်တန်းစရိတ်များကို ဓမ္မဒါနပြုမည်ဖြစ်သည်။

ပထမအဆင့် ဗုဒ္ဓဝါဒသင်တန်းကို ငါးရက်(လစဉ်)၊ဒုတိယအဆင့်ငါးရက် (နှိဝင်ဘာလတစ်လသာ)၊ တတိယအဆင့် ငါးရက် (ဒီဇင်ဘာလတစ်လသာ)ဖြစ်သည်။

သင်တန်းတက်လိုသူများသည် လော့်ကားလမ်း ဓမ္မဒါနအဖွဲ့ ဖုန်း- ၂၄၄၃၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့်ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းတို့နှင့်အတူ ယမန်နေ့ နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) စစ်ရေးပြကွင်းတည်ဆောက်နေမှု အခြေအနေ၊ ကတ္တရာလမ်းဖောက်လုပ်ရန် လျာထားသော တက္ကသိုလ်အဝင် လမ်းမကြီး လမ်းအူကြောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကြက်ဆူပင် မျိုးကိုင်း ၁၀၀၃၀ကို စိုက်ပျိုးပြီးစီး၍ ၉၈၄၇ပင် ပျိုးထောင်ပြီးဖြစ်ကြောင်းနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးရန်စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့်အဖွဲ့ဝင်များ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ်ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းမကြီး အမှတ် (၄၉/၅၁) အောင်သောင်း လျှပ်စစ်တာဝါခန်းမကြီး၌ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့် အထက်အသင်းဝင် သက်ကြီး ဘိုးဘွားများ၊ တက္ကသိုလ်အသီးသီးမှ မဟာဘွဲ့တွင် ထူးချွန်သူများနှင့် ပါရဂူဘွဲ့ ရရှိသူများ၊ ၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ရန်ကုန်မှအသင်းဝင်များ၏ သားသမီးများစာရင်းကို အမှတ်စာရင်းအထောက်အထားများနှင့်တကွ ဖေဖော်ဝါရီ ၂၃ရက် နောက်ဆုံးထား၍ ဦးသောင်း(နာယက) ဖုန်း-၅၁၁၇၆၅၊ ဒုတိယဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း- ၆၈၀၉၁၃၊ဒုတိယဗိုလ်မှူးကြီးအေးသန်းထွန်း(ငြိမ်း) ဖုန်း-၆၆၂၅၁၈၊ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဒုတိယဗိုလ်မှူးကြီးသန်းထွေး(ငြိမ်း) ဖုန်း-၆၅၀၁၉၇၊ ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅၊ ဗိုလ်မှူးခင်မောင်ဇော် (ငြိမ်း) ဖုန်း-၆၆၂၅၀၇ တို့သို့ ဆက်သွယ်ပေးပို့ကြရန်နှင့် ရန်ကုန်ရောက် မြို့နယ် သား/သူများ (အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ) မိသားစုများ အစည်းအဝေးတက်ရောက်ကြရန် ဖိတ်ကြားထားပြီး ဦးသောင်း၊ ဒေါ်ကြည်ဝင်း (အောင်သောင်းကုမ္ပဏီလီမိတက်)မိသားစုက နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ရွှေသလ္လာပရိယတ္တိစာသင်တိုက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ် ၄ ဝိုင်း ရွှေသလ္လာပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မုံရွာ)၏သြဝါဒကိုခံယူ၍ ငါးကြိမ်မြောက် ပဋ္ဌာန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်များအဖွဲ့၊ ဗုဒ္ဓဟူးဆွမ်းပတ်၊ သောကြာဆွမ်းပတ် အကျိုးတော်ဆောင်အဖွဲ့၊ ရွှေသလ္လာဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့နှင့်အလှူရှင်များက ဦးဆောင်၍ ဖေဖော်ဝါရီ ၈ရက်(ဗုဒ္ဓဟူးနေ့) မှ ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) အထိ ငါးကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပလျက်ရှိကြောင်း သိရသည်။ **(၂၀၀)**

မဟာစည်ဟိတေသီအဖွဲ့ ဒုလ္လဘစာရင်းပေးသွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာစည် ဟိတေသီအဖွဲ့ မိသားစုများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် (၃၉)ကြိမ်မြောက်အလှူပွဲကို ဧပြီ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟိတေသီဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

စုပေါင်း ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲသို့ ပါဝင်လိုသူများသည် ဖေဖော်ဝါရီ၁၂ရက်မှ မတ်၁၂ ရက်အတွင်း ဒုလ္လဘကော်မတီ ဟိတေသီအဖွဲ့ ဖုန်း-၅၅၅၄၇၂သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သံတမန်ရေးရာသင်တန်းသားများ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အခြေခံနှင့် အဆင့်မြင့်သံတမန်ရေးရာ သင်တန်းသားများ၏ ဒုတိယအကြိမ်မြောက် မိတ်ဆုံဂေါက်သီးရိုက် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် (စနေနေ့) နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံအောက်တပ်မတော် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်၍ ပြိုင်ပွဲဝင်မည့် သင်တန်းသားအားလုံးနှင့် (မိတ်ဆွေများ)သည် ဦးဝင်းသန့် ဖုန်း-၀၉-၅၁၀၀၉၅၅၊ဦးတင်ကိုကို ဖုန်း-၀၉-၉၉၂၃၈၂၅၊ ဦးအောင်ဇော် ဖုန်း-၀၁-၂၂၇၇၄၃၊ဦးမင်းနိုင် ဖုန်း-၀၉-၉၉၂၆၁၂၆၊ဦးဇော်မင်း ဖုန်း-၀၉-၅၀၀၀၆၈၆၊ ဦးလှဦး ဖုန်း-၀၁- ၅၄၄၅၇၀နှင့် ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃တို့သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြကိုင်းရွာမိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြကိုင်းစံပြကျေးရွာ ပစ္ဆိမာရုံကျောင်းတိုက်အတွင်း၌ ဆင်ယင်ကျင်းပသော မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို အကြိမ်(၂၀) မြောက်အဖြစ် ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၆ ရက်မှ ၁၂ ရက် အထိ (မတ်၄ ရက်မှ ၁၀ ရက်အထိ) ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ရွှေရတနာဆရာတော် ဘဒ္ဒန္တကောဝိဒ(မိုးကုတ်)နှင့်သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)ကကြီးမှူး၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပူဇော်ပွဲ၊ အသက်(၇၅)နှစ်အထက်ကန်တော့ခံပုဂ္ဂိုလ်များပူဇော်ပွဲ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ဂုဏ်ထူးရရှိခဲ့ကြသူများအား ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ (ရွှေတိဂုံစေတီတော်) အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများနှင့် ကန်တော့ခံပုဂ္ဂိုလ်များ၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ (ထောက်ခံချက်ပူးတွဲလျက်) ဦးဝေလင်း ဖုန်း- ၂၉၂၈၉၄၊ဦးအေးဝင်း ဖုန်း-၃၉၄၅၁၂၊ ၇၀၁၄၂၄ နှင့်ဦးအုန်းလွင်(မောင်မောင်) ဖုန်း-၅၄၁၈၁၈နှင့် အမှုဆောင်များထံဆက်သွယ်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂပူမြို့နယ်လုံးဆိုင်ရာ နှမ်းမနဲ့ထိုးပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

အင်္ဂပူမြို့နယ် စံကျောင်းစာသင်တိုက် သုဓမ္မာပရိယတ္တိဓမ္မဗိမာန်တော်ကြီးတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗုဒ္ဓဝင်နှင့်ယဉ်ကျေးမှုမင်္ဂလာဆုနှင်းပွဲ၊ မင်းကွန်းတောင်ရိုး (ရေ၊မီး၊ဆွမ်း၊ဆေး)ရေစက်ချတရားပွဲ၊ မြို့နယ်လုံးဆိုင်ရာ နှမ်းမနဲလောင်းလှူပွဲနှင့် နှမ်းမနဲထိုးပြိုင်ပွဲကို (တပို့တွဲလဆန်း၁၄ရက်နှင့် ၁၅ရက်) ဖေဖော်ဝါရီ ၁၁ရက်နှင့် ၁၂ရက်တို့တွင် စံကျောင်းစာသင်တိုက်၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ
ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၉၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အင်တာနက်ကဖေးတွင် လူငယ်များ အင်တာနက်အား စိတ်ဝင်တစား လေ့လာနေကြသည်ကို ဖေဖော်ဝါရီ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေကျင်း၌ ယဉ်ကျေးမှုပြတိုက်များ တိုးချဲ့တည်ဆောက်လျက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၇

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ပြတိုက်များတိုးချဲ့တည်ဆောက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရာတွင် ခေတ်သစ်တစ်ခုအတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ယဉ်ကျေးမှုအမွေအနှစ်များ မြူနီစီပယ်ဗျူရိုက ဖေဖော်ဝါရီ ၄ရက်က ပြောကြားသည်။

တရုတ်နိုင်ငံမြို့တော်တွင် ကမ္ဘာ့အဆင့်မီ ပေကျင်းပြတိုက်နှင့် အမျိုးသား ရုပ်ရှင်ပြတိုက်တည်ဆောက်ခြင်းသည် ၂၀၀၅ ခုနှစ်အတွက် ပြတိုက်များ ဖွံ့ဖြိုးတိုးတက်လာမှု၏ သမိုင်းမှတ်တိုင်တွင်သော နှစ်တစ်နှစ်ဖြစ်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျင်းပ

၂၀၀၅ခုနှစ်တွင် ဂျပန်များ ကျူးကျော် သိမ်းပိုက်ထားမှုကို ဆန့်ကျင်တိုက်ခိုက်သော တရုတ်ပြည်သူများ၏ တော်လှန်ရေးစစ်ပွဲ အထိမ်းအမှတ်ခန်းမကြီးကို စစ်အောင်မြင်ခြင်း နှစ်(၆၀)မြောက်အခမ်းအနားကျင်းပရန်အတွက် တိုးချဲ့ တည်ဆောက်ခဲ့သည်။ ပဲလေ့ ပြတိုက်တွင် ပြခန်းနှစ်ခန်းကို ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ပြီး ပြတိုက်၏ အကြိမ် (၈၀)မြောက် နှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့သည်။

ဖော်ပြပါရှိ

အာဏာပိုင်များသည် ပေကျင်းတွင် ပြတိုက်များ ပိုမိုတည်ဆောက်ရန်ကိုလည်း အတည်ပြု ထောက်ခံခဲ့ကြောင်း ဗျူရိုအဖွဲ့က ပြောကြားသည်။ လာမည့် နှစ်များတွင် တရုတ်ပြည်လုံးဆိုင်ရာအမျိုးသမီးအဖွဲ့က တရုတ်နိုင်ငံအမျိုးသမီးနှင့် ကလေးဆိုင်ရာပြတိုက်ကို တည်ဆောက်မည်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက တရုတ်နိုင်ငံရဲတပ်ဖွဲ့ပြတိုက်ကို တည်ဆောက်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

၂၀၀၅ ခုနှစ်၌ ပေကျင်းမြို့တွင် ပြတိုက်ပေါင်း ၁၂၉ခုရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၅ခုနှစ်အကုန်၌ ထိုင်းနိုင်ငံလူဦးရေ ၆၂ဒသမ၄သန်းအထိ ရောက်ရှိလာ

ဗန်ကောက် ဖေဖော်ဝါရီ ၇

ထိုင်းနိုင်ငံ၏ လူဦးရေသည် ၂၀၀၅ ခုနှစ်ကုန်ဆုံးချိန်တွင် ၆၂ ဒသမ ၄ သန်းသို့ ရောက်ရှိလာရာ လူဦးရေ ၄၄၀၀၀၀ တိုးလာကြောင်း ဖေဖော်ဝါရီ ၅ရက်က ထုတ်ပြန်သော အစိုးရစာရင်းဇယား၌ ဖော်ပြထားသည်။

ပြောကြား

ထိုင်းနိုင်ငံ၏ လူဦးရေသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ၃၁ ရက်အထိ ၆၂၄၁၈၀၅၄ရှိကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

စုစုပေါင်းဒေသ ၇၆ဒေသ၏ ၁၉ ဒေသတွင် လူဦးရေသည် မြို့တော်အပါအဝင် တစ်သန်းကျော်ရှိကြောင်း စာရင်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံသည် လွန်ခဲ့သော ၁၀စုနှစ် နှစ်ခုက မိသားစုစီမံကိန်းအစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးနောက် ကလေးမွေးဖွားနှုန်းကို တစ်ရာခိုင်နှုန်းထက်မပိုသောနှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း တနင်္လာနေ့ထုတ် နေရှင်းသတင်းစာတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲ၌ ချာဗက်ဇ် ပြန်အရွေးမခံရရေး အမေရိကန်အစိုးရ ကြံဆောင်လာမည်ဟု ရှုမြင်

ကရာကပ် ဖေဖော်ဝါရီ ၇

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က သမ္မတအဖြစ် ပြန်လည်အရွေးခံမည့်အရေးကို အမေရိကန်ပြည်ထောင်စုက လျှို့ဝှက်ထိုးနှက်ဖျက်ဆီးရန် ကြံဆောင်လာနိုင်ကြောင်းဖြင့် ၎င်းအား ထောက်ခံသူများကို တနင်္ဂနွေနေ့က သတိပေးလိုက်သည်။

သမ္မတဘုရှ်၏ အမေရိကန်အစိုးရက ၎င်းအား ရာထူးမှဖယ်ရှားပစ်ရန် ကြိုးပမ်းနေသည်ဟု မကြာခဏ စွပ်စွဲပြောဆိုသည့် ဗင်နီဇွဲလား သမ္မတချာဗက်ဇ်က ဒီဇင်ဘာ ရွေးကောက်ပွဲတွင် အမေရိကန်အစိုးရကို သူ၏ အဓိကရန်သူအဖြစ် ပြောကြားလိုက်ခြင်းဖြစ်သည်။

ချေပပြောဆို

မစ္စတာ ချာဗက်ဇ်၏ ကိုယ်ပိုင်ပုံစံဆိုရှယ်လစ်တော်လှန်ရေးက ဒေသတွင်း မတည်မငြိမ် ဖြစ်စေသည်ဟု အမေရိကန်အစိုးရက ယုံကြည်ယူဆသည်။ သို့သော် ယင်းအယူအဆမှာ အမေရိကန်အစိုးရအနေဖြင့် ၎င်းအား ရာထူးမှဖယ်ရှားရန် ဝါဒဖြန့်လှုံ့ဆော်စွပ်စွဲခြင်းသာ ဖြစ်သည်ဟု မစ္စတာ ချာဗက်ဇ်က ချေပပြောဆိုသည်။

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာတွင် ကျင်းပရန် စီစဉ်ထားသည်။

ဗင်နီဇွဲလားနိုင်ငံကို အမေရိကန်တို့ ကျူးကျော်လာမည့်အရေးကာကွယ်ရန် ဗင်နီဇွဲလားပြည်သူတစ်သန်းကို လက်နက်တပ်ဆင်ပေးရန် သူ ကြိုးပမ်းမည်ဖြစ်ကြောင်း ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်က ထည့်သွင်းပြောကြားလိုက်သည်။

စတုတ္ထအများဆုံး

ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန် ပြည်ထောင်စုသို့ စတုတ္ထအများဆုံး ရေနံရောင်းချသည့် နိုင်ငံဖြစ်သည်။

မဟာမိတ်ဖွဲ့

မစ္စတာ ဟူဂိုချာဗက်ဇ်၏ လက်ထက်တွင် ဗင်နီဇွဲလားနိုင်ငံသည် ဒေသတွင်း အမေရိကန်ဩဇာ ကျဆင်းရေးဆောင်ရွက်ပြီး အီရန်၊ ကျူးဘားကဲ့သို့သော အမေရိကန်၏ ရန်သူနိုင်ငံများနှင့် မဟာမိတ်ဖွဲ့ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဖေဖော်ဝါရီ ၆ ရက်အထိ ၂၂၅၃ ဦးရှိပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၇

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၂၅၃ ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ယင်းတို့အနက် ၁၇၆၆မှာ ရန်လိုသောတိုက်ခိုက်မှုကြောင့်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

အီရတ်၌သေဆုံးသော အခြားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၊ အီတလီ ၂၇ဦး၊ ယူကရိန်း၁၈ဦး၊ ပိုလန်၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန်၁၁ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့်နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယား တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်၌ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးတော့မည်

ပေကျင်း ဖေဖော်ဝါရီ ၇

ကမ္ဘာပေါ်တွင် အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် တရုတ်ပြည်မှ မြစ်ကျဉ်းသုံးသွယ်စီမံကိန်းမှာ မူလ မျှော်မှန်းထားသည်ထက် ကိုးလစောပြီး မေလတွင် တည်ဆောက်ပြီးစီးမည်ဟု ခန့်မှန်းရကြောင်း ချိုင်းနားဒေးလီးက တနင်္လာနေ့တွင် ရေးသားဖော်ပြလိုက်သည်။

၁၉၉၃ ခုနှစ်က စတင်အကောင်အထည်ဖော်သည့် ဤစီမံကိန်းက ဂျင်နရေတာ ၂၆ လုံးဖြင့် ဓာတ်အားထုတ်ပေးမည်ဖြစ်သည်။

ဤစီမံကိန်း တည်ဆောက်ပြီးစီးချိန်တွင် စုစုပေါင်း ကုန်ကျစရိတ်ဒေါ်လာ ၂၁ ဒသမ ၇ ဘီလီယံရှိမည်ဟုသိရသည်။

အမ်အင်အေ၊ရိုက်တာ

လုံခြုံရေးဆောင်ရွက်

ဘဂ္ဂဒက်မြို့၌ လုံခြုံရေးဆောင်ရွက်နေသော အပေါင်းပါတပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ်အကျဉ်းထောင်၌ ဆူပူအုံကြွ အကျဉ်းသားတစ်ဦးသေဆုံး၊ ၆၀ဒဏ်ရာရရှိ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၇

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ရှိ အကျဉ်းထောင်တစ်ခုတွင် ဖေဖော်ဝါရီ၄ ရက်က အကျဉ်းသားများ ဆူပူအုံကြွရာမှ အကျဉ်းသားတစ်ဦးသေဆုံးပြီး ၆၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

အဆိုပါ ဆူပူအုံကြွမှုကို ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းတွင် ထိန်းချုပ်နိုင်ခဲ့ပြီး အကျဉ်းထောင်လက်ထောက်များက အကျဉ်းသားများကို ပြန်လည်အုပ်ထိန်းနိုင်ခဲ့ကြောင်း လော့စ်အိန်ဂျလိစ် စီရင်စု လက်ထောက်အရာရှိ တင်ယာပလန်ကက်က ပြောကြားသည်။

ရှင်းလင်းစွာမသိရှိရ

ဖေဖော်ဝါရီ ၄ရက်မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် ယင်းဆူပူအုံကြွမှု အကြောင်းရင်းကို ချက်ချင်းရှင်းလင်းစွာ မသိရှိရသေးကြောင်း ရိုက်တာက ဖော်ပြသည်။

အရာရှိများက ဒဏ်ရာပြင်းထန်သူ လူ၁၀ဦး အပါအဝင် ဆိုးဆိုးရွားရွား ဒဏ်ရာရရှိသူများကို အနီးရှိဆေးရုံသို့ တင်ပို့ လိုက်ကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောကြားသည်။

ရန်ပွဲများဖြစ်ပွား

လော့စ်အိန်ဂျလိစ်၏ မြောက်ဘက် မိုင်၂၀ခန့်အကွာတွင်ရှိသည့် ဝေးဆိုက်အကျဉ်းထောင်သည် ၁၉၉၀ ပြည့်နှစ်ကတည်းက လူမျိုးရေးကြောင့် ရန်ပွဲ ၁၅၀ကျော်ဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် အများစုမှာ စပိန် ဘာသာစကားပြော လက်တင်အမေရိကနိုင်ငံသား အကျဉ်းသားများကို ဆန့်ကျင်သည့် အော်ကျယ်ဟစ်ကျယ် ပြောဆို တတ်သော လူမည်းအကျဉ်းသားများကြောင့် ရန်ပွဲများ ဖြစ်ရကြောင်း စီရင်စု လက်ထောက်အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ



ဂျာမနီနိုင်ငံအရှေ့ပိုင်း၌ ပြောင်းဖူးမျိုးရိုးဗီဇ ပြုပြင်မွမ်းမံစိုက်ပျိုးခြင်းကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဂရင်းပိစ်အဖွဲ့မှ ပြောင်းဖူးပုံစွန်အား လွှတ်တင်နေသည်ကို ဖေဖော်ဝါရီ ၆ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတေးဂီတအဖွဲ့ကို စောင့်ကြိုသူ လူ ၅၀၀၀ တွန်းတိုက်မိ၍ ပြိုလဲပြီး သုံးဦးသေဆုံး

ဘရာစီလီယာ ဖေဖော်ဝါရီ ၇

ဘရာဇီးလ်နိုင်ငံ၏ အကြီးဆုံး မြို့ဖြစ်သော ဆာအိုပါယူလိုမြို့ရှိ ဈေးရုံတွင် ဖေဖော်ဝါရီ ၄ရက်က မက္ကဆီကို ခေတ်ပေါ်တေးဂီတအဖွဲ့တစ်ဖွဲ့၏ အမှတ်တရလက်မှတ်ရရှိရန် ဝါသနာအိုးများ တရုန်းရုန်းဖြစ်ခဲ့သဖြင့် အနည်းဆုံး လူသုံးဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံမီဒီယာက ဖော်ပြသည်။

ဖော်ပြ

တောင်ပိုင်း ဆာအိုပါယူလိုရှိ ဈေးပွဲတော်အပြင်ဘက်တွင် ဝါသနာအိုး ၅၀၀၀ခန့်သည် မက္ကဆီကိုဆယ်ကျော်သက်အဖွဲ့ဖြစ်သည့် အာဘီဒီအဖွဲ့၏ အမှတ်တရ လက်မှတ်ရရှိရေးအတွက် ဖေဖော်ဝါရီလ ၃ ရက်ညကတည်းက စုရုံး ရောက်ရှိနေခဲ့ကြသော်လည်း တေးဂီတ ဖြစ်မြောက်ရေးအဖွဲ့ကမူ အမှတ်တရ လက်မှတ် ၁၀၀ အတွက်သာ ပြင်ဆင်ထားကြောင်း မီဒီယာက ဖော်ပြသည်။

ပြောကြား

ဝါသနာအိုးများသည် တေးဂီတအဖွဲ့လာမည်ဟု ထင်ရသည့်ကားဆီသို့ တရုန်းရုန်း တိုးဝှေ့ယင်း ပြိုလဲခဲ့ကြခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာ အသက် (၄၇)နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက်(၁၅)နှစ်နှင့် (၁၆)နှစ်ရှိ အမျိုးသမီးနှစ်ဦး ဖြစ်ကြပြီး အခြားဒဏ်ရာရရှိသူအများစုမှာ ဆယ်ကျော်သက်များဖြစ်ကြောင်း ဆန်ပါယူလိုပြည်နယ် ကျန်းမာရေးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

ပြောကြား

အာဘီဒီ ခေတ်ပေါ်တေးဂီတအဖွဲ့သည် အမေရိကန်ပြည်ထောင်စုရှိ လက်တင်အမေရိကနှင့် စပိန် စကားပြောအဖွဲ့အစည်းအတွင်း အထူးကျော်ကြားသည့် အဖွဲ့များအနက် တစ်ခုဖြစ်ပြီး မက္ကဆီကို လူမှုဘဝသရုပ်ဖော်ဇာတ်လမ်းတွဲတစ်ခုတွင် ကူညီတီးခတ်ပေးသည့်အဖွဲ့ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖူကျင့်ပြည်နယ်၌ ဘတ်စ်ကားမြစ်ထဲထိုးကျ ရှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာပြင်းထန်

ဖူကျို့ ဖေဖော်ဝါရီ ၇

တရုတ်နိုင်ငံအရှေ့ဘက် ဖူကျင့်ပြည်နယ်တွင် ဖေဖော်ဝါရီ ၄ ရက် နံနက်က တံတားတစ်ခုပေါ်မှ ဘတ်စ်ကားတစ်စီးကျခဲ့သဖြင့် လူရှစ်ဦးသေဆုံးပြီး လေးဦးပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည် ၂၄ ဦးပါရှိသည့် အဆိုပါ ဘတ်စ်ကားသည် ပြည်နယ်အဝေးပြေးလမ်းရှိ နံပါတ် ၃၆ ယွန်ချန်အပိုင်းမှ ကင်စီတံတား၏ လက်ရမ်းနှင့် တိုက်မိပြီး နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျသွားခဲ့ခြင်းဖြစ်ကြောင်း ကျန်ကျို့စီးတီး၏ ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ဒါတီယန်မှ ပြည်နယ်မြို့တော် ဖူကျို့သို့ မောင်းလာသည့် ဘတ်စ်ကားသည် ၃၁ မီတာနက်သည့် မြစ်အတွင်းသို့ ကျသွားခဲ့ရာ ယခုအချိန်အထိ လူရှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေသခံ ရဲတပ်ဖွဲ့သည် အဆိုပါနေရာသို့ ကယ်ဆယ်ရေးအတွက် အမြန်ဆုံးသွားရောက်ပြီး ဒဏ်ရာရရှိ သူများကို ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း၊ ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိရသေးကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်သစ်ကူးပွဲတော် အားလပ်ရက်များအတွင်း ရှန်ဟိုင်းမြို့ရှိ အပန်းဖြေဥယျာဉ်များ၌ စည်ကားလျက်ရှိ

ရှန်ဟိုင်း ဖေဖော်ဝါရီ ၇

နှစ်သစ်ကူးပွဲတော် ကာလအတွင်း တရုတ်ပြည်၏စီးပွားရေး အချက်အချာကျသည့် ရှန်ဟိုင်းမြို့သို့ ယခုနှစ် ခရီးသည် ၂ ဒသမ ၅သန်း လာရောက်ကာ ဝင်ငွေယွမ် ၁ဒသမ ၈၉ဘီလီယံရရှိသည့်အတွက် ယမန်နှစ်ထိုကာလကထက် ခရီးသည် ၃ ဒသမ ၈ ရာခိုင်နှုန်းပိုများပြီး ဝင်ငွေမှာလည်း ၇ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုရရှိသည်။

နှစ်ခြိုက်

တရုတ်ပြက္ခဒိန်အရ ယခုနှစ်သည် ခွေးနှစ်ဖြစ်သည်။ ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ ခုနစ်ရက်တိုင်တိုင် နွေဦးပွဲတော် အားလပ်ရက်များအတွင်းတွင် အပန်းဖြေဥယျာဉ်များ၊ မြို့ဆင်ခြေဖုံး ခိုနားအပန်းဖြေစရာများ၊ တရုတ်ရိုးရာ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားလျက်ရှိသည်မှာ လာရောက်သူရွှေဧည့်သည်များ အထူးနှစ်ခြိုက်ကြသည် ဆို၏။

ခရီးသည်အများစုမှာ အနီးအနားရှိ ပြည်နယ်များနှင့် မြို့ကြီးများမှ မော်တော်ကားဖြင့် လာရောက်အပန်းဖြေကြခြင်းဖြစ်သည်ဆို၏။

အမ်အင်အေ၊ဆင်ဟွာ

ဘိုလီးဗီးယားလေတပ် စစ်လေယာဉ်ပျက်ကျ လေယာဉ်ပေါ်ပါ ခြောက်ဦးစလုံးသေဆုံး

လီမာ ဖေဖော်ဝါရီ ၇

ဘိုလီးဗီးယားလေတပ် စစ်လေယာဉ်တစ်စင်းသည် ဘိုလီးဗီးယား အလယ်ပိုင်းတွင် တနင်္ဂနွေနေ့က ပျက်ကျရာ လေယာဉ်ပေါ် လိုက်ပါလာသူ ခြောက်ဦးစလုံး သေဆုံးကြောင်း ဘိုလီးဗီးယားနိုင်ငံ လာပက်မြို့တော်မှလာသော သတင်းများအရ သိရသည်။

သေဆုံး

ကိုချာဘမ်ဘာပြည်နယ်မြို့တော် ကိုချာဘမ်ဘီနာမြို့ မြောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ ပါလ်ကာပယ်ပါတောင်တန်းပေါ်သို့ လေယာဉ်ပျက်ကျရာ လုံးဝပျက်စီးသွားသည် ဆို၏။ သေဆုံးသူများမှာ လေယာဉ်မှူးနှစ်ဦးနှင့်အတူ အမျိုးသမီးတစ်ဦး၊ ၎င်း၏သမီး သုံးဦးတို့ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန် ဟိုကိုင်းဒိုးကျွန်းရှိ ရေနံချက်စက်ရုံ မီးလောင်

တိုကျို ဖေဖော်ဝါရီ ၇

ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းရှိ ရေနံချက်စက်ရုံတစ်ရုံတွင် ဖေဖော်ဝါရီ ၅ ရက်မွန်းလွဲပိုင်းက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

မီးလောင်

အခင်းဖြစ်ပွားမှုတွင် သေဆုံးဒဏ်ရာရရှိသူများ၏ သတင်းကို ချက်ချင်း မသိရှိရသေးကြောင်း သတင်းဌာနကပြောကြားသည်။ ဟိုကိုင်းဒိုးကျွန်း မူရိုရင်အရပ်ရှိ နိပွန်ရေနံကော်ပိုရေးရှင်းပိုင် အဆိုပါရေနံချက်စက်ရုံ အပေါ်၌ မီတာ ၂၀၀ ခန့်မြင့်သည့် မီးခိုးများကို တွေ့နေရကြောင်း မီးသတ်သမား များက ပြောကြားသည်။

ပြောကြား

အဆိုပါမီးမှာ မွန်းလွဲ ၁ နာရီဝန်းကျင်မှစ၍ စက်ရုံ၏ပို့လွှတ်ခန်းမှ လောင်ကျွမ်းခြင်းဖြစ်ကြောင်း နိပွန်ရေနံကော်ပိုရေးရှင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကနေဒါ၌ လေပြင်းတိုက်ခတ်ပြီး နှင်းထုကျဆင်း အွန်တာရီယိုမြို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်

အော့တာဝါ ဖေဖော်ဝါရီ ၇

ကနေဒါနိုင်ငံ အနောက်တောင်ဘက်နှင့် အလယ်ပိုင်းဒေသများတွင် လေပြင်း တိုက်ခတ်ပြီး လျှပ်စစ်ဓာတ်ကြိုးများပေါ်သို့ သိပ်သည်းထူထပ်သည့် နှင်းထုများကျဆင်းခဲ့သဖြင့် အွန်တာရီယိုမြို့ရှိ လူ ၁၀၀၀၀၀ မှာ ဖေဖော်ဝါရီ ၅ ရက်က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ကြုံခဲ့ကြရကြောင်း ရေဒီယိုက ကြေညာသည်။

လူအချို့မှာ ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းကတည်းက လျှပ်စစ်ဓာတ်အား မရရှိခဲ့ကြကြောင်း၊ အပူချိန်မှာ နေရာများစွာတွင် အနုတ် ၄ ဒီဂရီ ဆဲစီးယပ်စ်ခန့်အထိ ကျဆင်းခဲ့ကြောင်း ကနေဒါအသံလွှင့်ကော်ပိုရေးရှင်းက ပြောကြားသည်။

ပြတ်တောက်ခဲ့

ပြည်နယ်အနောက်ပိုင်း၊ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဖေဖော်ဝါရီ ၄ ရက်က လေပြင်းများ တိုက်ခတ်ပြီး နှင်းထုများကျဆင်းကာ ဓာတ်ကြိုးများပေါ်သို့ သစ်ပင်များလဲကျခဲ့သဖြင့် လျှပ်စစ်ဓာတ်များ ပြတ်တောက်ခဲ့ရကြောင်း ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ဝန်ဆောင်မှုအဖွဲ့က ပြောကြားသည်။

ပြောကြား

အနောက်တောင်ပိုင်း ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ပြီး ဓာတ်ကြိုးများပြတ်တောက်ခဲ့သဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် လူ ၅၀၀၀၀ ကျော်မှာ လျှပ်စစ်ဓာတ်အားများ မရရှိတော့ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်တောင်ပိုင်း ကာဘာလာမြို့၌ အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်များအား ရှာဖွေစစ်ဆေးမှုပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

● ကျောဖုံးမှ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍက စနစ်တကျစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသောအချိန်အခါကာလဖြစ်ကြောင်း၊ ထို့အပြင် ထာဝစဉ်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ပြည်သူများပညာရည် မြင့်မားပြီး အသိအမြင် ဗဟုသုတကြွယ်ဝစေရန် ပညာရေးကဏ္ဍက အပါအဝင် နယ်ပယ်ကဏ္ဍစုံ၌ အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါကာလလည်းဖြစ်ကြောင်း။

ကျေပွန်စွာထမ်းဆောင်

ဤကဲ့သို့ ပညာရေးကို အဓိကအခန်းကဏ္ဍကထားရှိပြီး နိုင်ငံတော်ကိုတည်ဆောက်နေသည့် အခြေအနေအချိန်အခါမျိုးတွင် ပညာရေးတာဝန်များကို ထမ်းဆောင်နေကြသော ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ဆရာကောင်းတစ်ဦး၏ ကျင့်ဝတ်နှင့် တာဝန်များကို လိုလိုလားလား၊ တက်တက်ကြွကြွ ထမ်းဆောင်လိုသောစိတ်ဓာတ်နှင့် ထိထိရောက်ရောက် ပီပီပြင်ပြင် စွမ်းဆောင်ပေးနိုင်မည့် စွမ်းဆောင်ရည်တို့ အစဉ်အမြဲထက်မြက်ခိုင်မာနေစေရအောင် မိမိတို့ကိုယ် မိမိတို့ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့တာဝန်၊ ပညာရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပေးကြပါဟု ပထမဦးစွာ မှာကြားလိုကြောင်း။

အမှန်တကယ်အားဖြင့် ယနေ့မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းအဆင့်ဆင့်သည် ကျောင်းသူကျောင်းသားလူငယ်များကို မျက်မှောက်ကာလတွင်သာမက အနာဂတ်ကာလတွင်ပါ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေ ရှင်းနိုင်သည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများရရှိစေရုံ သာမက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများနှင့် လူမှုတန်ဖိုးများကိုပါ လေးစားမြတ်နိုး ထိန်းသိမ်းမြှင့်တင်လိုသော စိတ်ဓာတ်စွမ်းအားများကိုပါ ယှဉ်တွဲတည်ဆောက်ပေးနေသည့် အစီအမံများပင် ဖြစ်ကြောင်း။

စေတနာထားလေ့ကျင့်

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသူ ကျောင်းသားလူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ မိမိဒေသကစ၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးလိုသည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက်ပါ စေတနာထား လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသား လူငယ်များကိုသာမက ဒေသခံပြည်သူများကိုလည်း အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ အမြင်ကျယ်အောင် ပညာပေးစည်းရုံးပြီး ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ခေတ်နှင့်ညီအောင်၊ ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဤနည်းအားဖြင့် ပြည်သူလူထု၏ အသက်မွေးမှုအခြေခံများကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

ဆရာဆိုသည်မှာ တပည့်များမှတစ်ဆင့် လူထုနှင့်နေ့စဉ် ထိတွေ့နေရသည့်အပြင် လူထုအပေါ်ကောင်းသော ဩဇာသက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ယင်းကောင်းသောဩဇာကို ရပ်ရွာကောင်းကျိုး၊ ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်သည့် စေတနာလုပ်ရပ်ဖြင့်ပေါင်းစပ်ပြီး ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများကိုယ်တိုင် ကြိုးစားဆောင်ရွက်လာနိုင်ကြစေရအောင် ပညာပေးစည်းရုံးကြရမည်ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ တတ်သိကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်များလာမှသာ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် တည်ဆောက်နိုင်စွမ်းရှိမည်ဖြစ်သကဲ့သို့ ပြည်သူများပညာရည်မြင့်မားပြီး အသိဉာဏ်ဗဟုသုတပြည့်စုံကြွယ်ဝမှသာ မိမိနိုင်ငံမိမိ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအားလုံးက မိမိတို့၏တပည့် ကျောင်းသူကျောင်းသားလူငယ်များကို မိမိနိုင်ငံမိမိ တည်ဆောက်နိုင်စွမ်းရှိသည့် ပညာရည်နှင့်ပြည့်စုံစေရအောင်၊ ယင်းပညာရည်စွမ်းအားကို နိုင်ငံဖွံ့ဖြိုးရေးအတွက် အပြုသဘော အသုံးပြုတတ်သည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသား လူငယ်များအပါအဝင် မိမိတို့တာဝန်ကျရာ အရပ်ဒေသရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ငြိမ်အေးချမ်းရေးစိတ်ဓာတ်၊ နိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွား ထက်သန် ခိုင်မာစေရအောင် စည်းရုံးဆောင်ရွက်ပေးကြရန် ပြောကြားသည်။

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသူ စံပြဆုရ ပဲခူးတိုင်း(အနောက်) လက်ပံတန်းမြို့နယ် အောင်သုခအခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မျိုးမျိုးဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသားစံပြဆုကို သင်တန်းသား အမှတ် (G-၁၃၂)တနင်္သာရီတိုင်း ပုလောမြို့နယ် ပဝတ်ကုန်း အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးလှဝေအားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ အမှတ်(B-၁၀၀) ပဲခူးတိုင်း(အနောက်)လက်ပံတန်းမြို့နယ် အောင်သုခ အခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မျိုးမျိုးဦးအားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုကို သင်တန်းသားအမှတ် (G-၁၆၇) မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အေးရိပ်ငြိမ်အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးအားလည်းကောင်း၊ သင်တန်းသူဖွဲ့လုံ့လဆုကို သင်တန်းသူအမှတ်(D-၁၄၇) ပဲခူးတိုင်း(အနောက်) ပေါက်ခေါင်းမြို့နယ် ကြိုးကြာအခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ဒေဝီစိန်နှင့် သင်တန်းသူအမှတ် (E-၅၆) ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ခင်ခင်သိန်းတို့အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက စံပြအဆောင်ဆုကို အမျိုးသားတပ်ခွဲ (၅) အဆောင်(၈)နှင့် အမျိုးသမီးတပ်ခွဲ (၇) အဆောင်(၄)တို့ကိုလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှ တစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် သင်တန်းသားသင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ကိုးနဝင်းစေတီတော်တိုးချဲ့ မွမ်းမံတည်ဆောက်ရေးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံကို ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လှူဒါန်းငွေ၊ ဖောင်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းငွေနှင့်ဗဟိုဝန်ထမ်းတက္ကသိုလ်မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၄၄၈၀၄၀တို့ကို ပေးအပ်လှူဒါန်းကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု (၁၃၅) ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော်ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LLz.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် တပို့တွဲလပြည့်ကျော် ၃ရက်၊ ဖေဖော်ဝါရီ၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အဓိဋ္ဌာန်အောင်စေတီတော် ထီးတော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်း ဓိုးကုန်းမြို့နယ် ချောင်းသာယာရွာ စိန်ပန်းမြိုင်ကျောင်းတိုက် အဓိဋ္ဌာန်အောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၄၊၅၊၆ ရက် (မတ် ၂ ရက်မှ ၄ ရက်အထိ) အင်္ဂပူမြို့မှ ဒေါင်းမင်းရာဇာအဖွဲ့က ထီးတော်တင်လှူပြီး တပေါင်းလဆန်း ၈၊ ၉ ရက် (မတ် ၆ ရက်နှင့် ၇ ရက်)ညများ၌ ရန်ကုန်မြို့ ယဉ်ကျေးမှုအနုပညာ ကဇာတ်အဖွဲ့က ကပြဖျော်ဖြေပြီး ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ရာ ဖုန်း-၅၅၇၃၈၈သို့ ဆက်သွယ်လှူဒါန်းနိုင် ကြကြောင်း သိရသည်။ **(က-ပ)**

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်း ၃ လမ်း မှတ်တိုင်ရှိ အဘိဓမ္မရတနာဂရ ဓမ္မဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ငွေနှင့်ချီးမြှင့်ငွေများကို အမှုဆောင်အဖွဲ့များထံ ကြိုတင်၍ လည်းကောင်း၊ အစည်းအဝေးကျင်းပမည့်နေ့တွင်လည်းကောင်း လှူဒါန်းနိုင်မည်။ ပူဇော်ပွဲတက်ရောက်လာကြသော သက်ကြီးများအား မိသားစုအလိုက်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ တက်ရောက် လှူဒါန်းပူဇော်နိုင်ကြသည်။

ဓနုဖြူမြို့နယ်သားများ အားလုံးပြန်လည်တွေ့ဆုံနိုင်ရေး အတွက် အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ တက်ရောက်နိုင်ကြောင်းနှင့် အလှူငွေများကို ဦးလှမြင့်(မာဃ) ဖုန်း-၂၂၄၃၉၁၊ ဦးမြင့်သိန်း ဖုန်း-၂၀၁၇၃၁၊ ဦးလှမြင့်(ရွှေဟင်္သာ) ဖုန်း-၂၅၂၇၉၃ နှင့် ဦးကျော်ရီ ဖုန်း-၅၄၁၈၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာ တိုက် ၃ အခန်း(စီ)နေ ကွယ်လွန်သူ ဖခင်ကြီး ဦးအေးမောင် (တရားရုံးချုပ် ညွှန်/မှူး၊ ငြိမ်း) အား ရည်စူး၍ ဇနီး ဒေါ်ခင်အေးကြည်၊ သားကြီး မောင်မောင်၊ သမီး မြသီတာအေး မိသားစုတို့က အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးမြင့်ဦး (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဓနုတိုင်းရင်းသား မိသားစုရိုးရာအစားအစာဧည့်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ရိုးရာ အစားအစာများဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်၍ ဓနုတိုင်းရင်းသား ဓမ္မာရုံ ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့် မြို့မရပ်ကွက် ဗဟန်းမြို့နယ်သို့ လာရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

ကန်တော့ပစ္စည်းများပေးအပ်

ရန်ကုန်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသား ကျောင်းသူဟောင်းများက ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ကောလိပ် အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများထံ ကန်တော့ပစ္စည်းများ ပေးအပ်ကြစဉ်။ (က-ပ)

ကျောဖုံးမှ

အမှာစကား ပြောကြားကြပြီး ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးယန္တက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံပေ ၃၀ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ပညာရေးဌာနက ငွေကျပ် ၂၅သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၈ သိန်း စုစုပေါင်းငွေကျပ် ၅၃သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး နားခံစံပြကျေးရွာရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး သုတစာကြည့်တိုက်၌ စာအုပ်ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းခမ်းခေါင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းမြသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင် ဒေါ်နန်းကြည်ကြည်သင်းတို့က သုတစာအုပ် ၁၀၀ စီကို ပေးအပ်လှူဒါန်းကြသည်။ နားခံကျေးရွာ သုတစာကြည့်တိုက်တွင် စာအုပ်ပေါင်း ၇၂၅ အုပ်ရှိကြောင်း သိရသည်။

ထို့နောက် နားခံစံပြကျေးရွာအားကစားကွင်း၌ ခြစ်ညီးရိုးကြက်ဆူဆီမှ ဇီဝလောင်စာဆီထုတ်လုပ် အသုံးပြုပုံသရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ကျေးလက်ပြည်သူလူထုတို့က စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှု လေ့လာကြသည်။ နားခံစံပြကျေးရွာ ပျိုးဥယျာဉ်၌ ခြစ်ညီးရိုးကြက်ဆူပင်များ ပျိုးထောင်စိုက်ပျိုးထားရှိပြီး ကျေးရွာအတွင်း နေအိမ်များတွင် မူလစိုက်ပျိုးထားရှိပြီးဖြစ်သည့် ခြစ်ညီးရိုး ကြက်ဆူပင်များမှ ပျိုးကိုင်းများကို ရယူပြီးနောက် စုပေါင်းစိုက်ပျိုးပွဲကို ကျေးရွာအနီး စိုက်ခင်းများ၌ စိုက်ပျိုးကြရာ ခြစ်ညီးရိုးကြက်ဆူပင် ၁၅ ဧကကို လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာလူထုအင်အား ၃၅၀၀ ခန့်က စုပေါင်းစိုက်ပျိုးကြသည်။

ယခုအခါ မိုးနဲမြို့နယ်၌ ခြစ်ညီးရိုးကြက်ဆူပင် ၄၇၃ ဧက စိုက်ပျိုးထားရှိပြီး လင်းခေးခရိုင်အတွင်း ခြစ်ညီးရိုးကြက်ဆူပင် ၁၀၆၅၀၀ ဧကကို သုံးနှစ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ၂၈၈၇ ဒသမ ၁၆ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။ နားခံစံပြကျေးရွာ၌ လယ်ယာသုံး စက်ကိရိယာ ၉၈စီးရှိပြီး စက်သုံးဆီ လိုအပ်လျက် ရှိသည့်အတွက် တောင်သူများအနေဖြင့် ခြစ်ညီးရိုးကြက်ဆူပင်စိုက်ပျိုးပြီး စက်သုံးဆီကို ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်စနစ်ဖြင့် မြေလွတ်မြေရိုင်းများ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးစစ်ဆေးကုသ

ဤနေ့တွင် နားခံစံပြကျေးရွာ ကမ္ဘဋ္ဌာန်းကျောင်း၌ လွိုင်လင်ခရိုင် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန် ခြောက်ဦးတို့က နားခံကျေးရွာမှ လူနာ ၁၅၁ဦးအား အခမဲ့ ကျန်းမာရေး စစ်ဆေးကုသပေးခဲ့သည်။ ထို့ပြင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ နားခံစံပြကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၁၈၀တို့အား ကျန်းမာရေး ပညာပေးဟောပြောခဲ့ပြီး စားပွဲဝိုင်း ဆွေးနွေးပွဲဖြင့် အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို ဆွေးနွေးခဲ့ကြသည်။

မိုးနဲမြို့နယ်သည် စပါးကိုအဓိကအားထား စိုက်ပျိုးကြသဖြင့် ဆန်ဖူလုံမှုရာခိုင်နှုန်း ၁၆၃ ဒသမ ၁၀ ရာခိုင်နှုန်းရှိသည်။ နားခံစံပြကျေးရွာသည် လူဦးရေ ၃၃၆၈ဦးရှိပြီး စပါးစိုက်ဧက ၉၆၆ ဧကရှိသဖြင့် ဝမ်းစာဖူလုံကြောင်း တွေ့ရှိရသည်။ ထို့အပြင် နားခံစံပြကျေးရွာအတွင်း ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာနှင့် ပဲပုပ်၊ ပဲစင်းငုံ၊ ပြောင်း၊ ကြံစသည့် သီးနှံမျိုးစုံစိုက်ပျိုးထွက်ရှိသည်။

စိုက်ပျိုးထိန်းသိမ်း

နားခံစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းအဖြစ် ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ကို တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ မိုးနဲမြို့မှ နားခံစံပြကျေးရွာလမ်းတစ်လျှောက် ကျေးရွာပိုင်ထင်းစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းထားရှိသည်။

နားခံကျေးရွာရှိ ကျူတောဆည်သည် လယ်မြေဧက၃၅၀ကို ရေပေးဝေလျက်ရှိသည်။ နားခံစံပြကျေးရွာသည် ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ရေမြောင်းများမှ ရေအားလျှပ်စစ်၁၈လုံး တည်ဆောက်ကာ နေအိမ်များ၌ လျှပ်စစ်မီးများ အသုံးပြုလျက်ရှိသည်။ မိုးနဲမြို့နယ် ကျိုင်းတောင်းဒေသ၌ တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စက်ရုံပြီးစီးပါက နားခံစံပြကျေးရွာအပါအဝင် လင်းခေးခရိုင်တစ်ခုလုံး လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်တော့မည်ဖြစ်သည်။

စိတ်ချမ်းသာစွာခရီးသွားလာနိုင်

နားခံစံပြကျေးရွာသည်တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး နားခံကျေးရွာမှ ကျိုင်းတောင်းမြို့သို့သွားနိုင်သည့် လမ်းတံတားများကို ဖောက်လုပ်ပြီးဖြစ်ရာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ထို့အတူ မိုးနဲ-နမ့်စန်နေ့စဉ်ပြေးဆွဲနေသည့် မီးရထားသည် နားခံကျေးရွာသို့ နံနက်၈နာရီခွဲတွင် နေ့စဉ်ရောက်ရှိသဖြင့် ကျေးရွာမှ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ ခရီးသွားလာနိုင်ပြီဖြစ်သည်။

မိုးနဲမြို့သည် ရှေးယခင်ကပင် ဘာသာ၊ သာသနာ ထွန်းကားခဲ့ကြောင်း၊ မြို့တွင်းနှင့် မြို့ပတ်ဝန်းကျင်ရှိစေတီ၊ ပုထိုးများစွာကို တွေ့မြင်ရခြင်းဖြင့် သိရှိနိုင်သည်။ မိုးနဲမြို့၌ ထင်ရှားသည့် ဘုရားစေတီများမှာ မွေတော်စေတီ၊ နှစ်ကျိပ်ရှစ်ဆူစေတီ၊ ဆင်တောင်စေတီ၊ မောင်ခိုင်မောင်နိုင်စေတီ၊ လွိုင်မြေစေတီ၊ ဦးရွှေအောင်စေတီ၊ လျောင်းတော်မူစေတီ၊ ချမ်းသာကြီးဘုရားစေတီ၊ မဟာရန်အောင်တောင်နှစ်ကျိပ်ရှစ်ဆူစေတီတို့ဖြစ်ပြီး တစ်မြို့နယ်လုံးတွင် ပင်မစေတီ ၂၂၄ ဆူ၊ အရံစေတီ ၂၅၄ဆူ စေတီပေါင်း ၄၇၈ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ယခုအခါ ပျက်စီးနေသည့် ဘုရားစေတီများကို ပြုပြင်မွမ်းမံလျက်ရှိသည်။ ထို့အတူ နားခံစံပြကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းနှင့် ရှေးဟောင်းဘုရား စေတီများရှိပြီး နားခံကမ္ဘဋ္ဌာန်း ကျောင်းသည် ဓမ္မာရုံ၊ သိမ်တော်နှင့် ယောဂီများ တရားအားထုတ်နိုင်ရန် ရိပ်သာဆောင် ၂၈ ဆောင်ရှိသဖြင့် ဗုဒ္ဓဘာသာဝင်များ နှစ်စဉ် ဝါတွင်းသုံးလတွင် တရားအားထုတ်နိုင်ကြောင်း တွေ့ရသည်။

တစ်နေ့တခြားဖွံ့ဖြိုးတိုးတက်

နားခံစံပြကျေးရွာသည် စံပြကျေးရွာ၏ အင်္ဂါရပ်များနှင့်အညီ ဘာသာ၊ သာသနာထွန်းကားခြင်း၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုး တိုးတက်ခြင်း၊ စိုက်ပျိုးရေ၊ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ ကျေးရွာစည်ပင်သာယာဈေး၊ လမ်း၊ တံတား၊ နေအိမ်များ စနစ်တကျ တည်ဆောက်ထားခြင်းနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းတို့ကြောင့် တစ်နေ့တခြား ဘက်စုံ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးသုတစာကြည့်တိုက်အတွက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းခမ်းခေါင်က ကျေးရွာဥက္ကဋ္ဌ ဦးယန္တထံ စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဆေးဝါးများနှင့် လူနာတင်လက်တွန်းလှည်းများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကု ဆေးရုံကြီး၌ တက်ရောက်ကုသနေသော လူနာများအသုံးပြုရန်အတွက် ပဋိဇီဝဆေးဝါးများ၊ အခြားဆေးဝါး ပစ္စည်းများနှင့် လူနာတင် လက်တွန်းလှည်းနှစ်စီး စုစုပေါင်း ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ ဆေးဝါး ပစ္စည်းများလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။

တက်ရောက်

ယင်းသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဒေါ်ခင်သန်းဝင်း၊ ဒေါ်တင်တင်မြ၊ ဒေါ်သဇင်နွယ်၊ ဒေါ်ခင်နွယ်နွယ်နှင့် အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာထွန်းရီတို့က အလှူပစ္စည်းများ ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဆေးရုံ၏လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ သက်ဆိုင်ရာဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအသုံးပြုရန်အတွက် ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာထံ ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

ပန်းပေါင်းဘုရားကြီးနှင့် ဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အဗ္ဗာရာမ ဝိပဿနာကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ပန်းပွင့်ခုနစ်ကုဋေ ပန်းပေါင်းဘုရားကြီးနှင့် မြတ်စွယ်တော်အား တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ရက်(ဖေဖော်ဝါရီ ၁၀၊ ၁၁၊၁၂ ရက်) သုံးရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ဖြင့် ဗုဒ္ဓပူဇနီယပွဲ ပူဇော်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၆မှ ၁၆-၂-၂၀၀၆

အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

နွေရာသီဓမ္မာစရိယစာဝါ သင်တန်းဖွင့်ပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်းကျောင်းတိုက်၌ နွေရာသီဓမ္မာစရိယ စာချသင်တန်းကြီးကို (၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်) ဧပြီ ၂၃ရက်မှ (နယုန်လဆန်း ၁၁ရက်) ဇွန် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းပို့ချမည့် ဆရာတော်များမှာ မန္တလေးမြို့မှ စာချ ဆရာတော် ဦးအာနန္ဒာမယာဘိဝံသ(သကျသီဟ ဓမ္မာစရိယ)၊ ဦးကုသလရိယ(သာသန ဓဇ ဓမ္မာစရိယ)၊ ဦးတေဇိန္ဒ(သာသန ဓဇ ဓမ္မာစရိယ)တို့ ဖြစ်ကြသည်။ သင်တန်းတက်ရောက် သင်ကြားလိုသော အရှင်မြတ်များသည် ကြံခင်းမြို့ နဝင်းဂုဏ်းကျောင်း ဆရာတော် ဦးကုသလရိယ ဖုန်း-၀၄၄-၄၀၁၈၆ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၆ခုနှစ် ပန်နာဆိုးနစ်လေအေးပေးစက် ပစ္စည်းသစ် မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၆ခုနှစ် ပန်နာဆိုးနစ်လေအေးပေးစက် ပစ္စည်းသစ် မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပရာ Panasonic မြန်မာအတိုင်ပင်ခံရုံးမှ ဦးကျော်ကျော်က ပန်နာဆိုးနစ် လေအေးပေးစက် အမျိုးအစားသစ်ဖြစ်သော AC Robot နှင့် Puritee R2 တို့ကို ယနေ့တွင် စတင်လိုက်ပြီဖြစ်ကြောင်းနှင့် ဤစက်များ၏ ထူးခြားချက်မှာ လေစစ်ဆန်ခါကို ၎င်းဖာသာ၎င်း အလိုအလျောက် သန့်စင်ပေးနိုင်ခြင်းနှင့် လေကိုအလိုအလျောက် ပြန်လည် လတ်ဆတ်စေသော စက်ကိရိယာ အသီးသီးပါရှိပြီး လေအေးပေးစက်၏ အကောင်းဆုံးလုပ်ဆောင်မှုများကို ရေရှည် ထိန်းသိမ်းထားနိုင်ခြင်းကြောင့် ကျန်းမာရေးနှင့်ပြီးပြည့်စုံသော အဆင့်အတန်းမြင့်လေကို ခံစားနိုင်ပြီ ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ပန်နာဆိုးနစ်လေအေးပေးစက်များကို အမြို့မြို့အနယ်နယ်ရှိ လေအေးပေးစက် အရောင်းဆိုင်တိုင်း၌ ဝယ်ယူရရှိနိုင်ပြီး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်က မြန်မာတစ်ပြည်လုံးသို့တာဝန်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိကာ ဆက်သွယ်ရန်မှာ အမှတ် ၇၇ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၇၅၇၆ နှင့် ၇၂၃၈၈၈ တို့ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ထာဝရ ရှင်သန်ဖွံ့ဖြိုးနေမည့် ပြည်ထောင်စုရိပ်မြုံကြီး

မောင်ငြိမ်းချမ်း

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် ဖြစ်တည်နေသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်း၍-

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခု ဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများဖြစ်ကြပါသည် ဟူ၍ (၄၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာတွင် ဖော်ပြခဲ့ပါသည်။

အသီးတစ်ရာ အညှာတစ်ခု နှင့်ပြည်ထောင်စု

ပြည်ထောင်စုစိတ်ဓာတ်သည် ပင်မရေသောက်မြစ်ကြီး ဖြစ်သည်။ ရေခံမြေခံ သဘာဝအခြေခံများ ကောင်းမွန်၍ တင့်တယ်ဝေဆာနေသော သစ်ပင်ကြီးသည် **"သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းမှီခိုရာ"** ဆိုသကဲ့သို့ အမိပြည်ထောင်စုကြီးသည်လည်း ပြည်ထောင်စုသားအားလုံး မှီခိုနားနေရာ အေးရိပ်ငြိမ်ကြီးဖြစ်ပေသည်။

ပြည်ထောင်စုသစ်ပင်ကြီး၏ အရိပ်ကိုခိုလှုံပြီး ပြည်ထောင်စုသားများ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည့်နည်းတူ ပြည်ထောင်စုကြီး၏ အရိပ်ကိုခိုပြီး အခက်၊အလက်များကို မချိုးဖျက်နိုင်အောင် ဝိုင်းဝန်းကာကွယ်ရန်နှင့် ပြည်ထောင်စုသစ်ပင်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြရန်မှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး၏ မွေးရာပါတာဝန်ကြီးပင်ဖြစ်သည်။

အမိပြည်ထောင်စုကြီးသည် ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုကြောင့် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။ ကိုလိုနီစနစ်ဆိုး၏ ခါးသီးသည့် ဒဏ်ရာဒဏ်ချက်တို့ကို ခံခဲ့ရသည်။ နယ်ချဲ့တို့က ပြည်ထောင်စုသစ်ပင်ကြီး၏ အကိုင်းအခက်အလက်များကို ခုတ်ဖြတ်ခဲ့သည်။ ရေသောက်မြစ်များကိုလည်း တူးဆွဖျက်ဆီးခဲ့သည်။

ထို့ကြောင့် ယိုင်ယဲ့ချည့်နဲ့နေသော ပြည်ထောင်စုသစ်ပင်ကြီးကို မပြိုလဲမပျက်စီးစေရန် ပြည်ထောင်စုတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းတည့်မတ် ပြုစုပျိုးထောင်ခဲ့ကြရသည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားများ၏ စုစည်းညီညွတ်သည့် အားမာန်၊စည်းလုံးညီညွတ်မှု၏ရလဒ်အဖြစ်ပြည်ထောင်စု၏ သမိုင်းမှတ်တိုင်ကို တည်ဆောက်နိုင်ခဲ့သည်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးစအချိန်တွင်လည်း ကိုလိုနီနယ်ချဲ့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားများအချင်းချင်း နားလည်မှုသဘောထားများကွဲလွဲကာ ပြည်ထောင်စု၏ အကိုင်းအခက်အလက်များ ကျိုးပဲ့ခဲ့ရပြန်သည်။ တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကိုရယူခဲ့ရပြီးသည့် နောက်ပိုင်း၌ ပြည်ထောင်စုတိုင်းရင်းသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို လက်ကမ်းကြိုဆိုခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များသည် တပ်မတော်အစိုးရနှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်လျက်ရှိနေသည်။

ထို့ကြောင့် ပြည်ထောင်စုရိပ်မြုံကြီး အေးချမ်းဖွံ့ဖြိုးလာခဲ့ပြီဖြစ်သည်။ အကိုင်းအခက် အလက်များရှင်သန်ပြီး အသီးအပွင့်များ ဝေဆာလာခဲ့သည်။ ကိုလိုနီစနစ်၏ ဒဏ်ရာ၊ ဒဏ်ချက်များကို ခါးသီးစွာခံခဲ့ရသည့် အကိုင်း အခက်များဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ပင်စည်နှင့် သဏ္ဌာန်တူသော ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့် သဏ္ဌာန်တူသည့် ရေသောက်မြစ်ကြီးသည် ခိုင်မာအားကောင်းလာခဲ့သည်။

ယခုအခါ ပြည်ထောင်စုကြီးအတွင်း လိုအပ်သည့်တံတားအမျိုးအစားမျိုးစုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဖျား၊ အရှေ့ဖျားမှ အနောက်ဖျားအထိ ကူးသန်းဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး ကတ္တရာလမ်း၊ အမာခံလမ်း၊ မြေလမ်း၊ လမ်းမျိုးစုံမိုင်ပေါင်း ၂၁၄၀၀ကျော် ရှိခဲ့ရာမှ ယခုအခါ မိုင်ပေါင်း ခြောက်သောင်းနီးပါးအထိ တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် လမ်းမိုင် အတိုင်းအဆ နှစ်ဆခွဲကျော် တိုးတက်လာသည်။

အလားတူပင် ရထားလမ်းသစ်များ၊ လေယာဉ်ကွင်းသစ်များ၊ အော်တို တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်များ၊ သင်္ဘောဆိပ်ခံတံတားများစသည့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စခန်းများ၊ အလုပ်ရုံ၊ စက်ရုံများ၊ စက်မှုဇုန်များကို တည်ဆောက် ထူထောင်ပေးလျက်ရှိသည်။

ထို့အတူ ပညာရေးကဏ္ဍတွင် သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန် တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံကျောင်းများ ဖွင့်လှစ်ပေးခြင်းနှင့် ကျန်းမာရေးကဏ္ဍ၌လည်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရန်အတွက် ဆေးရုံများ၊ ဆေးပေးခန်းများ အဆင့်မြင့်ထူထောင်ခြင်း၊ တိုးချဲ့ဖွင့်လှစ် ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်။ အထူးသဖြင့် ဖွံ့ဖြိုးရေးဒေသများကို တိုးချဲ့ထူထောင်ပြီး ပညာရေး၊ ကျန်းမာရေးအဆင့်မြှင့်မှုများကို ပြုလုပ်ပေးလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင် ပေးလျက်ရှိသည်။

ထိုသို့ ရှင်သန်ဖွံ့ဖြိုးအောင်၊ အသီးအပွင့်ဝေဆာအောင် ဖော်ဆောင်ပေးနေခြင်းသည် နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုလျော့နည်းကျဆင်းရေး၊တိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်ပြီး အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်မြေဆီဩဇာများနှင့်တူသော အခြေခံအုတ်မြစ်များကို ဘက်ပေါင်းစုံမှ ထူထောင်ပေးနေခြင်းဖြစ်သည်။

ယင်းကဲ့သို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံများကို ထူထောင်ရာ၌ တပ်မတော်အစိုးရသည် ကိုယ့်အားကိုယ်ကိုးပြီး တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားနှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုများကို အခြေခံ၍ ထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ်လက်တွဲပူးပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည့်အခြေခံများ ဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်သည်။

တစ်ချိန်က မည်မျှပင်သွေးခွဲခဲ့စေကာမူ၊ ယနေ့အချိန်ကာလတွင် တပ်မတော်၊ တိုင်းရင်းသားပြည်သူများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများလက်တွဲပြီး ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နည်းလမ်းသစ်များဖြင့် စေတနာ၊ မေတ္တာရှေ့ထားပြီး ဆောင်ရွက်ခဲ့ကြခြင်းသည် ပြည်ထောင်စုကြီး ဆက်လက်ဖွံ့ဖြိုးရှင်သန်နေရန်အတွက် ဖြစ်သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာနိုင်အောင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်နိုင်အောင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှု၊ ညီညွတ်မှုတို့ကို အခြေခံပြီး နိုင်ငံတော်က စေတနာသန့်သန့်ဖြင့် အလေးပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယနေ့နိုင်ငံတော်က တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့်ယှဉ်ပြီး ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါးသည် ထာဝရမှန်ကန်နေမည့် အမျိုးသားရေးမူဝါဒဖြစ်သည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်သည် ကြောင်းကျိုး ဆီလျော်မှန်ကန်သည့် လုပ်ငန်းစဉ်များလည်း ဖြစ်သည်။

ဤမူဝါဒများကိုအခြေခံပြီး ပြည်ထောင်စုကြီး အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရန်နှင့် ကမ္ဘာ့အလယ်တွင် ထည်ဝါတောင့်တင်းခိုင်မာသည့် ပြည်ထောင်စုရိပ်မြုံကြီး ဖြစ်တည်နေစေရန် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် သွားကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံရေးဦးတည်ချက်လေးရပ်အပေါ်အခြေခံပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိရေမြေသဘာဝ၊ သမိုင်းကြောင်း၊ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများနှင့် ဆီလျော်ကိုက်ညီမည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မှန်ကန်သည့် နိုင်ငံရေးလုပ်ငန်းစဉ်အတိုင်း နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းရေးလိုအပ်ချက်ပင်ဖြစ်သည်။ သို့မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သည် လက်တွေ့ကျကျ ပေါ်ထွက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် အသွင်သဏ္ဌာန်အားဖြင့် ကွဲပြားသယောင် ရှိစေကာမူ အနှစ်သာရအားဖြင့် တစ်ပင်တည်းသော ပြည်ထောင်စုကိုအခြေပြုထားသည့် အကိုင်း၊ အခက်၊ အလက်သဖွယ် သွေးရင်းသားရင်းညီနောင်များ၊ အညှာတစ်ခုတည်းမှ ပေါက်ဖွားလာသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြပေရာ ပြည်ထောင်စု စိတ်ဓာတ်အရင်းခံဖြင့် ပြည်ထောင်စုရိပ်မြုံကြီး ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေအောင် စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်း ဖော်ဆောင်နေကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ယခုအခါ နိုင်ငံရေးဦးတည်ချက်လေးရပ်အပေါ် အခြေခံပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိရေမြေသဘာဝသမိုင်းကြောင်း၊ ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာများနှင့် ဆီလျော်ကိုက်ညီမည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မှန်ကန်သည့်နိုင်ငံရေးလုပ်ငန်းစဉ်အတိုင်း နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းရေးလိုအပ်ချက်ပင်ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြောက်ဘက် အကျဆုံး အပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၃၄၃၇၉မိုင်ကျယ်ဝန်းသည်။ ကချင်၊ ချင်း၊ ဗမာ၊ ရှမ်း၊ နာဂ စသည့် တိုင်းရင်းသား မျိုးနွယ်စုများ အတူတကွ စုပေါင်းနေထိုင်ကြ၍ ပြည်ထောင်စုငယ်တစ်ခု အသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၁၄၃၃၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်း မိုင်လျှင် ၄၂ယောက်ဖြစ်သည်။

အမြဲဖုံးလွှမ်းလျက်ရှိ

ကချင်ပြည်နယ်သည် တောတောင်ထူထပ်သော ပြည်နယ်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမြင့်ဆုံး တောင်ထိပ်များဖြစ်သော ခါကာဘိုရာဇီ ၁၉၂၉၆ ပေနှင့် ဂန်လန်ရာဇီ ၁၉၁၄၂ပေ စသည့် တောင်ထိပ်များတည်ရှိကာ ဆီးနှင်းရေခဲများ အမြဲဖုံးလွှမ်းလျက်ရှိသည်။ အကျယ်ဆုံး လွင်ပြင်များမှာ ချင်းတွင်းမြစ်ဖျားရှိ တနိုင်းခမြစ်ဝှမ်းမှ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ မလိခမြစ်ဝှမ်းရှိ ပူတာအိုလွင်ပြင်၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့ဝန်းကျင်ဒေသများ၊ အင်းတော်ကြီးကန်၊ မိုးကောင်းချောင်း၊ ကောက်ကွေ့ချောင်း ပတ်ဝန်းကျင် ဒေသများ ဖြစ်ကြသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်လာ

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်၏အားပေးမြှင့်တင်မှု၊ ဒေသခံတိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲကြိုးပမ်းအားထုတ်မှုများကြောင့် ကချင်ပြည်နယ်သည် အခြား ပြည်နယ်နှင့် တိုင်းများနည်းတူ ဘက်စုံဖွံ့ဖြိုးတိုးတက်လာသည်။ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံတိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ခံစားနေကြရပြီဖြစ်ရာ ၁၉၈၈ခုနှစ်နောက်ပိုင်း ကချင်ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါဇယားတွင် လေ့လာ ကြည့်ရှုခြင်းဖြင့် ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ဗန်းမော် ဒီဂရီကောလိပ်

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ဗန်းမော် ဒီဂရီကောလိပ်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
စိုက်ပျိုးမြေ (ဧက)	၃၇၉၅၁၂	၇၉၈၉၈၅	၄၁၉၄၇၃
မြစ်ရေတင်လုပ်ငန်း	–	၂	၂
မိုးစပါးစိုက် (ဧက)	၂၇၃၅၄၃	၄၁၂၂၄၁	၁၃၈၆၉၈
နွေစပါးစိုက် (ဧက)	–	၃၁၅	၃၁၅
ဆီထွက်သီးနှံစိုက် (ဧက)	၄၀၃၂၅	၁၂၇၉၁၁	၈၇၅၈၆
ငါးမွေးမြူရေးကန် (ဧက)	၅၈	၈၆၈	၈၁၀
သစ်တောပြုစုပျိုးထောင်မှု			
ကြိုးဝိုင်းတော(စတုရန်းမိုင်)	၂၀၀၈	၂၂၁၈	၂၁၀
သဘာဝသစ်တောဧရိယာ(စတုရန်းမိုင်)	၂၆၉	၂၇၈၅	၂၅၁၆
သစ်တောစိုက်ခင်း(ဧက)	၂၁၁	၁၅၄၁၅	၁၅၂၀၄
လမ်းပန်းဆက်သွယ်ရေး			
ကားလမ်း(မိုင်)	၁၄၇၁	၁၆၄၄	၁၇၃
ကတ္တရာလမ်း	၁၆၀	၃၁၅	၁၅၅
ကျောက်လမ်း	၁၅၆	၄၀၈	၂၅၂
ရထားလမ်း(မိုင်)	၁၁၅	၁၂၂	၇
သံလမ်း(မိုင်)	၁၂၄	၁၃၁	၇
ဘူတာရုံ	၂၁	၃၃	၁၂
ပေ ၁၈၀ အထက်တံတား	၆	၁၃	၇
ပေ ၁၈၀ အောက်တံတား	၆၃	၂၈၉	၂၂၆
လျှပ်စစ်စွမ်းအား			
ရေအားလျှပ်စစ်စက်ရုံ	၁	၄	၃
ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	၁ဒသမ၃၇၁	၃၀ဒသမ၉၇၈	၂၉ဒသမ၆၀၇
ပညာရေး			
အခြေခံပညာအဆင့်			
မူလတန်းကျောင်း	၁၀၈၀	၁၁၅၁	၇၁
အလယ်တန်းကျောင်း	၆၈	၈၇	၁၉
အထက်တန်းကျောင်း	၃၀	၇၇	၄၇
ဆရာ/ဆရာမဦးရေ	၄၈၇၃	၇၇၉၃	၂၉၂၀
ကျောင်းသားဦးရေ	၁၄၂၂၄၈	၂၆၄၃၄၃	၁၂၂၀၉၅
အဆင့်မြင့်ပညာအဆင့်			
တက္ကသိုလ်	–	၁	၁
ဒီဂရီကောလိပ်	၁	၂	၁
ကောလိပ်	–	၁	၁
အစိုးရကွန်ပျူတာကောလိပ်	–	၂	၂
အစိုးရနည်းပညာကောလိပ်	–	၂	၂
အစိုးရစက်မှုလက်မှုသိပ္ပံ	–	၁	၁

မျိုးချစ်ဇာနည် မြန်မာ့ဂုဏ်ရည်

* မြန်မာဟူသည်၊ ကိုယ့်တိုင်းပြည်ကို
ချစ်ကြည်လေးမြတ်၊ သက်နှင်းအပ်လျက်
ပေးဆပ်ဝံ့ရဲ၊ ခိုင်မာဇွဲနှင့်
မလှဲအလံ၊ လေ့ခွက်ကျန်လည်း
ရန်ကိုဖျက်ချိုး၊ အားမာန်နှိုးသည်
မျိုးချစ်စိတ်နှင့် သာတကား။

* မြန်မာဟူသည်၊ ဖြောင့်မတ်သည်တည့်
ဉာဏ်နီ ဉာဏ်နက်၊ သူ့ဂုဏ်ပျက်အောင်
သက်သက်မာန်ကြွ၊ ရန်မစလည်း
သူကထိပါ၊ ပုတ်ခတ်ငြားသော်
စကားတစ်လုံး၊ ဓားတစ်နှုန်းသို့
အားသုံးအမှန်၊ ခွန်းတုံ့ပြန်မည်
နိုင်ငံချစ်စိတ်နှင့် သာတကား။

* အို–သိလော့အဆွေ၊ သိပါလေ
ဒို့မြေ ဒို့ပိုင်၊ ဒို့သာဆိုင်၏
ဒို့နိုင်ငံရိပ်၊ ဒို့မှေးမိုတ်၏
သူ့ရိပ်မမျှော်၊ သူ့ပေါ်မကျူး
သူကကျူးလည်း၊ ကျူးသူကိုချ
တွန်းလှန်ကြလိမ့်၊
မြန်မာ့မြေပုံ၊ အရေးကြုံသော်
သွေးဆုံပေါင်းကာ၊ သောင်းသောင်းငြာမျှ
ခွာသံပြင်းပြင်း၊ ရွှေဘိုမြင်းလည်း
ခုန်ဆင်း၍လျှင်၊ အသက်ဝင်ကာ
ရာဇဝင်မှ၊ သူနိုးထလျက်
မြန်မာ့ရှေ့မှောက်၊ ရတ်ခြည်းရောက်လျက်
ရွံ့ကြောက်မဲ့ရှောင်း၊ ရှေးဖြစ်ဟောင်းလည်း
ထပ်လောင်းသစ်သစ်၊ ရင်မှာဖြစ်လျက်
မျိုးချစ်ဇာနည်၊ မြန်မာ့ဂုဏ်ရည်
ဒို့ရင်ထဲက ဆေးပန်းချီ
စုတ်ချက်သစ်လွှင် နေဦးမည်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်–

ခွန်ရဲသွေး(အေးသာယာ)

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
ကျန်းမာရေး			
ဆေးရုံ	၃၅	၄၄	၉
ကျန်းမာရေးဌာနများ	၆၉	၇၂	၃
တိုင်းရင်းဆေးရုံ	–	၁	၁
ဆက်သွယ်ရေး			
စာတိုက်စခန်း	၆၄	၈၀	၁၆
ကြေးနန်းရုံး	၂၀	၂၈	၈
တယ်လီဖုန်းရုံး	၁၂	၅၆	၄၄
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး			
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၂	၂၇	၂၅
ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်	–	၇၈၈	၇၈၈
ကိုယ်ပွားသတင်းစာတိုက်	–	၁	၁

ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၁၉၉၈ခုနှစ် နိုဝင်ဘာ ၁၄ရက်က ဖွင့်လှစ်ခဲ့သည့် အရှည် ၂၆၈၈ ပေရှိ ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ဖေဖော်ဝါရီ၅ရက်က အလုံမြို့နယ် အလုံလမ်း ပါဠိတက္ကသိုလ် ဇမ္ဗုရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာသိရီ၏ သက်တော်(၇၀)ပြည့် ဝိဇာတမင်္ဂလာတွင် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အရှင်ဇဝန(ပဲခူး)ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မလွန်ဆန်လှူအသင်း ထောက်ခံမှုများဖြင့် ရေစက်ချတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖေဖော်ဝါရီ၈၊ ၉ရက်တွင် ဥတိုရွာ၊ ၁၀၊ ၁၁ရက်တွင် ပုပ္ပားရွာ၊ ၁၂၊ ၁၃ရက်တွင် အောက်ကျောင်းရွာ၊ ၁၄၊၁၅ရက်တွင် ညောင်ကုန်းရွာ၊ ၁၆၊ ၁၇ရက်တွင် မဆယ်ဆိပ်ရွာ၊ ၁၈၊၁၉ ရက်တွင် ဝါးသခ်ရွာ၊ ၂၀၊၂၁ရက်တွင် မှော်တောရွာနှင့် အခြားကျေးရွာများ၌ တရားဓမ္မများဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာနှင့် ရုပ်ရှင်၊ဂီတ၊သဘင် ပဒေသာကပွဲ ခမ်းနားထူးခြားစွာတင်ဆက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီကကြီးမှူး၍ အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့်မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် **"ပြည်ထောင်စုတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲ"**ကို ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက် ည ၇ နာရီမှ စတင်ပြီး ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ထူးခြားခမ်းနားစွာ တင်ဆက်မည် ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ပဒေသာကပွဲတွင် တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်၊ ယဉ်ကျေးမှု ပဒေသာအက၊ တေးသီချင်းသီဆိုဖျော်ဖြေမှုနှင့် တစ်ခန်းရပ် ဟာသပြဇာတ် အစီအစဉ်တို့ ပါဝင်မည်ဖြစ်သည်။

ပါဝင်တင်ဆက်မည်

ဂီတစာဆို ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ အသွင်ထူးရှင်မြူးစေမည့် "သိကြားမင်း ယောက္ခမပျော်သွားပြီ"တစ်ခန်းရပ် ဟာသပြဇာတ်တွင် အကယ်ဒမီမင်းမော်ကွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း၊ မိုးဒီ၊ အရိုင်း၊ စိန်ရိုး၊ ကောင်းစံနှင့် ဟာသသရုပ်ဆောင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ဂီတမှူး အကယ်ဒမီဂီတလုလင်ဦးကိုကို စီစဉ်သည့် တေးဂီတအစီအစဉ်တွင် ရန်အောင်၊ရဲအောင်၊ချိုပြုံး၊မြင့်မြင့်ခင်၊နွဲ့ယဉ်ဝင်း၊ခင်မောင်ထူး၊ရာဇာဝင်းတင့်၊ကေဂျာနူး၊မီမီဝင်းဖေ၊ထား၊ခင်ညွှန့်ရည်၊တင်ဦးလေး၊ကေတုဝင်းထွဋ်၊ မောင်မောင်အေး(အလင်္ကာဝတ်ရည်)၊တက္ကသိုလ်ကိုကိုဇော်၊ပန်းအိဖြူ၊စိမ်းလဲ့လဲ့၊ခင်မျိုးအေးစသည့် နာမည်ကြီး တေးသံရှင်များ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မြိုင်မြိုင်ဆိုင်ဆိုင်

အနုပညာဦးစီးဌာနက **"စည်းလုံးညီညာအောင်ကြောင်းဖြာ"**အကပဒေသာ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)က **"ပြည်ထောင်စုအလှမြန်မာ့ဂုဏ်ရည်"** တေးသရုပ်ဖော်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ အောင်ကိုဝင်းနှင့် ဝင်းပပတို့၏ နှစ်ပါးသွားအကတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ပွဲကြည့်ပရိသတ်များသွားလာရေးလွယ်ကူအဆင်ပြေစေရန် မော်တော်ယာဉ်များ စီစဉ်ထားကြောင်းသိရှိရသည်။ ကြိုတင်လက်မှတ်များကို ဖေဖော်ဝါရီ၉ရက်မှ စတင်၍ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၊ ပဒုမ္မာဇာတ်ရုံ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗိုလ်ချုပ်ဈေး)နှင့် ယုဇနပလာဇာ(တာမွေ)တို့၌ ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၇

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာ တိုက်သစ် ကျောင်းတိုက်ကြီးမှ ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြု နယ်လှည့် ဓမ္မကထိက နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ၁ရက်တွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီး၀ ရပ်ကွက် ဇေယျာသီရိကျောင်း မလွန်ဆန်လှူဓမ္မသဘင်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့၌ မြောင်းမြမြို့ပေါ်နှင့် ကြာကန်ကျေးရွာ မလွန်ဆန်လှူ ဓမ္မသဘင်၊ ၁၄ ရက်တွင် အလုံမြို့နယ် မိဘကျေးဇူးဆပ်ပွဲ ဓမ္မသဘင်၊ ၁၅ ရက်၌ ပုသိမ်မြို့ မဟာဗောဓိစေတီတော်ရင်ပြင် ဓမ္မသဘင်၊ ၁၆ရက်တွင် သဃ်န်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း(၁) ဇောတိကလမ်း အသောကသီတဂူကျောင်းတိုက် ဓမ္မသဘင်၊ ၁၇ ရက်နှင့် ၁၈ရက်တို့၌ ပြည်မြို့နယ်လုံးဆိုင်ရာ ဗဟိုဆွမ်းလောင်းအသင်းအောင်ပွဲ ဓမ္မသဘင်၊ ၁၉ရက်တွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့မုခ် မင်္ဂလာဈေး ဓမ္မာရုံဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူ မည်ဖြစ်ကြောင်းသိရသည်။

တရားပွဲရက် ရရှိပြီးသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံအနီး ကုလားကျောင်းမှတ်တိုင် အောင်မေတ္တာလမ်းသွယ်(၁)ရှိ မယ်တော်ကြီး ဒေါ်ညို ဖုန်း-၀၁-၇၀၈၄၀၃၊ တစ်ဆင့်ဖုန်း-၀၁-၆၆၄၉၀၉ တို့သို့ ဆက်သွယ်ပင့်ဆောင်ကြရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ဆက်လက်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့၌ ကျင်းပမည့် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ရောက်ရှိလျက်ရှိကြရာ ယနေ့တွင် ကရင်ပြည်နယ်မှ ၄၈ဦး၊ မွန်ပြည်နယ်မှ ၄၃ဦး၊ မန္တလေးတိုင်းမှ ရှစ်ဦး၊ ကချင်ပြည်နယ်မှ ၅၄ ဦးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၆၄ဦးတို့သည် ရထားဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြပြီး **(အပေါ်ပုံနှင့်ယာပုံ)** (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြကာ မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး သက်ကြီးပူဇော်၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၇

တိုက်ကြီးမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၅ရက် နံနက်၁၀နာရီက စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ တိုက်ကြီးမြို့နယ်အသင်းဓမ္မာရုံ၌ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် တိုက်ကြီးမြို့နယ်အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီးဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(ယာပုံ)** ထို့နောက် အပူဇော်ခံပုဂ္ဂိုလ် ဆရာကြီးဦးမြမောင်၊ ဂုဏ်ပြုခံ ပုဂ္ဂိုလ် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးချူသန်း၊ လူမှုထူးချွန်ဆုရှင် ဦးမြသိန်း၊ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ စိုးမြတ်နန္ဒာ၊ တက္ကသိုလ်ဝင်တန်းငါးဘာသာဂုဏ်ထူးရှင် မအိဖြူတို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် စမ်းချောင်းမြို့နယ် ဗားကရာတိုက်ရှိ ရှမ်းကျောင်းကြီးဝင်းအတွင်း တိုက်ကြီးမြို့နယ်အသင်းက တည်ဆောက်ခဲ့သော ငွေကျပ်သိန်း ၄၀၀ကျော်တန် အသင်းဓမ္မာရုံနှင့် သံဃာတော်များ ဆွမ်းစားဆောင် ရေစက်ချလှူဒါန်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၈-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇း၀၀	၅။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၁၀	၆။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၇။	ညနေခင်းသတင်း
၁၈း၃၀	၈။	မိုးလေဝသအခြေအနေ
၁၈း၃၅	၉။	သုတစုံလင် ရွှေညဏ်ရှင်
၁၉း၀၀	၁၀။	တေးဂီတအစီအစဉ်
၁၉း၁၅	၁၁။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း-၁၄)
၁၉း၂၅	၁၂။	(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၃၅	၁၃။	**"ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ"** (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ **"ဝိဓူရဇာတ်တော်ကြီး"** (ပထမဆု) [ရန်ကုန်တိုင်း] (ပထမပိုင်း)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းကုသိုလ်ဖြစ်ဆေးခန်း တိုးချဲ့ဆောင်အတွက် တောင်ဥက္ကလာပမြို့နယ် ၁၄/၁ ရပ်ကွက် ၁၀လမ်းနေ ဦးဖြူဝင်း-ဒေါ်ဝင်းသိန်းမိသားစုက အလှူငွေကျပ် ငါးသိန်းနှင့် စုဘူးအလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ်တစ်သိန်းကို ဆက်ကပ်လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

* တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

* နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဟသ်ာတမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များအား အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဦးဌေးဦး တွေ့ဆုံ ပညာရေးနှင့် ကျန်းမာရေးဆောင်ရွက်မှုအခြေအနေ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်း ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ဟသ်ာတမြို့ရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ အပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဦးဌေးဦးက နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ လက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ရရှိနေသည့်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူများ၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် ဟသ်ာတခရိုင်နှင့် ဟသ်ာတမြို့နယ်အတွင်း ပညာရေးနှင့်ကျန်းမာရေးအတွက် ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အထွေထွေအတွင်းရေးမှူးဝန်ကြီး ဦးဌေးဦးနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဟသ်ာတမြို့ သူနာပြုသင်တန်းကျောင်းသင်တန်းသူများအတွက်ငွေပဒေသာပင် စိုက်ထူငွေအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဦးသန်းတင်က လက်ခံရယူသည်။

ဆက်လက်၍ ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဟသ်ာတမြို့ ဆေးရုံကြီး၌ တက်ရောက်ကုသနေသော ဆရာတော် သံဃာတော်များအတွက် ဆေးပဒေသာပင်အလှူငွေများ ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလုံက လက်ခံရယူသည်။

ဆက်လက်၍ ဟသ်ာတမြို့နယ်အတွင်း အခြေခံပညာအထက်တန်းအဆင့်တွင် ထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ရန် ပညာရေးရန်ပုံငွေများအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စေတနာရှင်အလှူရှင်များက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ပံ့ပိုးဖြည့်ဆည်းပေး

အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဦးဌေးဦးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဟသ်ာတမြို့ ရွာသာကုန်းအုပ်စုတွင် စုပေါင်း၍ တည်ဆောက်နေသော အခြေခံပညာ မူလတန်းကျောင်း အမှတ်(၃၇)ကို ရောက်ရှိကြည့်ရှုပြီး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ ဟသ်ာတမြို့နယ်နှင့် နတ်မော်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ နတ်မော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁)သို့ရောက်ရှိပြီး ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးသူငယ်များ၊ ပညာသင်ကြားရေးအတွက် ငွေပဒေသာပင်ကို လှူဒါန်းစိုက်ထူပေးခဲ့ပြီး နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂)မရမ်းကုန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂)မရမ်းကုန်း (ယခင်စိန့်ဂျူစ် အကယ်ဒမီ)၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီ၌ အထက (၂) မရမ်းကုန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံမည့် ဆရာ ဆရာမကြီးများအား အပူဇော်ခံကြွရောက်ရန်နှင့် အဝေးရောက်ဆရာ ဆရာမများ၊ လက်ရှိကျောင်း၌ တာဝန်ထမ်းဆောင်နေကြသော ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူ ဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဒေါ်ခင်မြတ်သူ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး ဖုန်း-၀၉-၈၀၂၅၁၉၉၊ ၆၄၁၆၄၁၊ ဒေါ်နီလာစိုး ဖုန်း-၀၉-၅၁၀၃၂၃၆၊ ၆၆၇၉၆၁၊ ဒေါ်ခင်စန်းယုဝေ ဖုန်း-၀၉-၅၀၀၄၈၅၉၊ ဒေါ်ငြိမ်းငြိမ်းဟန် ဖုန်း-၀၉-၉၉၇၀၇၉၈၊ ဦးထွန်းဝင်းဟန်ဖုန်း-၀၉-၅၀၀၆၀၄၁၊ ဒေါ်အေးအေးမော် ဖုန်း-၆၅၂၀၇၄၊ ဦးကျော်လေး ဖုန်း-၆၆၃၁၃၅၊ ဦးလှိုင်ဘွားထွန်း ဖုန်း-၆၄၁၁၇၉၊ ဦးထွန်းထွန်း(မိသားစုစတိုး၊သမိုင်းလမ်းဆုံ) ဖုန်း-၆၆၃၅၄၆ နှင့် ဒေါ်နီနီ၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၆၆၂၀၇၈ အထက(၂) မရမ်းကုန်းတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၄ ရက်က မုံရွာမြို့သို့ ရောက်ရှိပြီး မြို့တော်ခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝန်ထမ်းများ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်သိက္ခာများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြား **(အပေါ်ပုံ)** ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိုင်အမ်ဘီအေနှမ်းမနဲ့ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေ၏ သတ္တမအကြိမ်မြောက် နှမ်းမနဲထိုးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့)တွင်ကျင်းပ၍ ဖေဖော်ဝါရီ ၂၀ ရက် (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ပရိသတ်များအား အမှတ် (၇၇) ရေကျော်လမ်းရှိ အသင်းတိုက်၌ နှမ်းမနဲ စတုဒိသာ ကျွေးမွေးဧည့်ခံမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဖုန်း-၂၉၀၄၀၉၊ ၂၉၁၃၇၄၊ ၂၉၉၇၁၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၃၅၂)

ဖေဖော်ဝါရီ ၄ရက်က အမှတ် (၁၇) အခြေခံပညာ မူလတန်းလွန်ကျောင်း သဃ်္န်းကျွန်းမြို့နယ်၌ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တတိယတန်း ဘက်စုံ ထူးချွန် ပထမဆုရ မဖူးဝေဖြိုးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်ရှိန်က ဆုချီးမြှင့်စဉ်။ (က-ပ)

နတ်မောက်စက်မှု အထက(၁)အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

နတ်မောက်စက်မှုလက်မှု အထက (၁) ကျောင်းသားဟောင်းများမှ နဝမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဗဟန်းမြို့နယ် ရွှေကျင်မြေဗာရုံ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။ **(ယာပုံ)** အခမ်းအနားတွင် အသက် ၇၀ ကျော် ဆရာကြီး၊ ဆရာမကြီး ၃၀ ကျော်နှင့် ၆၅ နှစ် အထက် ၂၀ ကျော်၊ ၆၀ အထက် ၁၀ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြသည်။

ဒသမအကြိမ် အာစရိယပူဇော်ပွဲကို နတ်မောက် ကျောင်းသားဟောင်းများ စုံလင်စွာဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ ဧရာဝတီတိုင်းအသင်း ပယ်နယ်တီဖြင့် အနိုင်ရဗိုလ်စွဲ

ပြည်ထောင်စုဒိုင်းဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားသော ဧရာဝတီတိုင်းအသင်းအား ပြည်ထောင်စုဒိုင်းဆုကြီး ချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၇

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပရာ ဧရာဝတီတိုင်းအသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ယမန်နှစ်ပြိုင်ပွဲ၌ ဒုတိယဖြင့် ကျေနပ်ခဲ့ရသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် ပွဲပြီးခါနီးအထိ တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ချေပဂိုးအသွင်းခံရပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုဖြင့် ရေကုန်ရေခန်းကြိုးစားကစားသော်လည်း ပယ်နယ်တီအဆုံးအဖြတ်တွင် ဂိုးမဝင်၍ ပြည်ထောင်စုဒိုင်းနှင့် လက်တစ်ကမ်းအကွာရောက်မှ လွဲခဲ့ရသည်။

ထိုးဖောက်ကစား

ဧရာဝတီတိုင်းအသင်းသည်ပထမပိုင်း၌ ပုံမှန်ခြေမရဘဲ ကစားကွက်ပျက်နေပြီး ဒုတိယပိုင်း ရောက်မှသာ ပြန်လည် ထိုးဖောက်ကစားနိုင်ခဲ့သည်။ တင်ပြီး တိုက်စစ်ဆင်ကစားရာ အပြန်အလှန် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း နောက်တန်းမှ မျိုးမင်းလတ်၏ အစွမ်းပြကာကွယ်နိုင်မှုနှင့် ဂိုးသမား အောင်မျိုးဟန်၏ နေရာယူမှန်မှုကြောင့် ဧရာဝတီတိုင်းအသင်း ဂိုးမရဘဲဖြစ်နေသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေရာမှ အမာခံကစားသမားသုံးဦးကို လူစားလဲကစားရာ ကစားကွက် ပြောင်းလဲသွားသည်။ ဧရာဝတီတိုင်းအသင်းက ချေပဂိုးရရှိရေး တင်ကစားရင်း ပွဲချိန် ၈၂ မိနစ်တွင် ဂိုးရှေ့သို့ ဖြတ်ချီးပေးသည့် ဘောလုံးကို တိုက်စစ်မှူး အောင်ဇော်လင်းက နောက်တန်းလူများ ကပ်ထားသည့်ကြားမှ လုလုပပ ကန်သွင်းယူလိုက်သဖြင့် ချေပဂိုးရရှိသွားသည်။ ဧရာဝတီတိုင်းအသင်းအတွက် စိုးကျော်သူ၊ အောင်ဇော်လင်း၊ ဇော်ထက်အောင်၊ ကျော်ကိုကိုဇော်နှင့် နန္ဒဇော်တို့အားလုံး ဂိုးဝင်အောင်ကန်သွင်းနိုင်ကြသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအတွက် စိုးသီဟ၊ မျိုးမင်းလတ်နှင့် အေးမင်းဇော်တို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ဇာနည်ကျော်ဌေးမြင့် ကန်သွင်းသည့်ဘောလုံးကို ဧရာဝတီတိုင်း ဂိုးသမားသောင်းညွန့်က ကာကွယ်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက ပဉ္စမဂိုးသွင်းစရာပင် မလိုတော့ဘဲ ဧရာဝတီတိုင်းအသင်းက စုစုပေါင်း ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားသော ဧရာဝတီတိုင်းအသင်းအား ဆုယူအပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ တွေ့ရစဉ်။
(မြန်မာ့အလင်း)

ဦးဆောင်ဂိုး

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် တစ်ပွဲထက်တစ်ပွဲခြေစွမ်းပြနိုင်သကဲ့သို့ ယနေ့ပွဲတွင်လည်း ပွဲစသည်နှင့် တင်ကစားရာ အကြိမ်ကြိမ် ထိုးဖောက် ဂိုးသွင်းနိုင်ခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် အေးမင်းဇော်က သွင်းယူပေးသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းသည် ဦးဆောင်ဂိုး ရရှိပြီးနောက် အဆက်မပြတ် ထိုးဖောက်ကစားရာ သေချာပေါက် ဂိုးသွင်းခွင့်များရရှိသော်လည်း အဆုံးသတ်မသေချာ၍ ဂိုးထပ်မံမရဘဲ ဖြစ်နေသည်။

ချေပဂိုး

ဧရာဝတီတိုင်း အသင်းသည် ဒုတိယပိုင်း ပြန်စသည်နှင့် ကစားအား

အချိန်ပို

ပုံမှန်ကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။ အချိန်ပိုယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်ကစားနိုင်သော်လည်း ဂိုးမပေးရရေးကို အဓိက အာရုံစိုက်ကစားနေကြသဖြင့် အနိုင်ဂိုး မသွင်းနိုင်ခဲ့ကြချေ။ အချိန်ပို မိနစ် ၃၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ သရေပွဲဖြစ်နေရာ ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။

ပယ်နယ်တီကန်သွင်း

ပယ်နယ်တီငါးလုံးစီ ကန်သွင်းပြီး အဆုံးအဖြတ်ယူရာတွင် ဧရာဝတီတိုင်းအသင်းက ဦးဆောင်ကန်သွင်းရသည်။

ဗိုလ်လုပွဲတွင်အကောင်းဆုံးဆုရရှိသော ဧရာဝတီတိုင်းအသင်းမှ အောင်ဇော်လင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင်(ဂိုး)က ငွေကျပ် ၁၀၀၀၀ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဘန်နီတင်အောင်က စတုတ္ထရရှိသော ပဲခူးတိုင်းအသင်းအား ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက တတိယဆုရရှိသော မန္တလေးတိုင်းအသင်းအား ငွေကျပ် ၁၅ သိန်းအားလည်းကောင်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့်က ဒုတိယဆုရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အကောင်းဆုံးဂိုးသမားဆုရရှိသော အောင်မျိုးဟန် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အကောင်းဆုံး နောက်တန်းဆုရရှိသော မျိုးမင်းလတ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊အလယ်တန်း အကောင်းဆုံးဆု ရရှိသော အောင်မျိုးလွင် (မန္တလေးတိုင်း)၊ အကောင်းဆုံး ရှေ့တန်းဆုရရှိသော အောင်ဇော်လင်း (ဧရာဝတီတိုင်း)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသော အောင်ဇော်လင်း(ဧရာဝတီတိုင်း) တို့အား ဆုတံဆိပ်နှင့် ငွေကျပ်၅၀၀၀၀ စီကိုလည်းကောင်း၊ ပထမရရှိသော ဧရာဝတီတိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဒိုင်း

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အသန့်ရှင်းဆုံးအသင်းဆုရရှိသော မန္တလေးတိုင်းအသင်းအား ဆုဖလားကိုလည်းကောင်း၊ ပထမဆုရရှိသော ဧရာဝတီတိုင်းအသင်းအား ပြည်ထောင်စုဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ် ၂၅ သိန်းကို ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။
(မြန်မာ့အလင်း)

မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၆ ခုနှစ်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၅ ရက်အထိ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမတွင် ကျင်းပရာ မြို့နယ်ပေါင်းစုံ ၁၁ မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို မှော်ဘီမြို့နယ်မှ ဆွတ်ခူးရရှိသွားပြီး ဒုတိယ အင်းစိန်မြို့နယ်နှင့် တတိယ မြောက်ဥက္ကလာပမြို့နယ်တို့မှ အသီးသီးရရှိခဲ့ကြသည်။

အကောင်းဆုံး အားကစားသမားဆုကို မှော်ဘီမြို့နယ်မှ တင်သိန်းကလည်းကောင်း၊ တက်သစ်စအားကစားသမားဆုကို တောင်ဥက္ကလာပမြို့နယ်မှ အောင်ကိုကိုဇော်ကလည်းကောင်း၊ တက်သစ်စနှင့် အကောင်းဆုံး အားကစားသမားဆုကို အင်းစိန်မြို့နယ်မှ ဖိုးလပြည့်ကလည်းကောင်း ရရှိခဲ့ကြသည်။ တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ငွေသားဆုများအပါအဝင် ဆုများကို မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ ရန်ကုန်တိုင်း ခြင်းလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးလှဌေးနှင့် ဦးဟုတ်ဝမ်တို့က အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

Air Bagan မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင့်မပွဲစဉ် စတုတ္ထနေ့(၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် Air Baganမြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင့်မပွဲစဉ် စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ ကော့သောင်း ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Tiger Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော အောင်ဝင်း (သစ်တောရေးရာဝန်ကြီးဌာန)အား ဆုချီးမြှင့်ပြီး Air Bagan Ltd. Director နှင့် Air Bagan Myanmar Golf Tour- Tournament Director ဦးမင်းသိန်းက Amateur ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု ရရှိကြသူများအားလည်းကောင်း၊ Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး မြင့်ဌေးက Amateur ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၇ ချက်ဖြင့် ပထမရရှိသော အောင်ဝင်း (သစ်တောရေးရာဝန်ကြီးဌာန)၊ စုစုပေါင်း ၃၀၁ ချက်ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်းနှင့် စုစုပေါင်း ရိုက်ချက် ၃၀၃ ချက်ဖြင့် တတိယရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် လေးရက်ပေါင်း ၁၀ ချက် လျော့ရိုက်ပြီး စုစုပေါင်း ၂၇၈ ချက်ဖြင့် ပထမရရှိသော ဇော်ဇော်လတ် (Srixon)၊ လေးရက်ပေါင်း ငါးချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၈၃ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်း (Srixon)နှင့် လေးရက်ပေါင်း နှစ်ချက် လျော့ရိုက်ပြီး စုစုပေါင်း ၂၈၆ ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇော်လတ် (Srixon)အား အထူးဆုကြေးငွေအဖြစ် Srixon ကိုယ်စား Professional Golfer ဦးချမ်းဟန်က အမေရိကန်ဒေါ်လာ ၃၀၀ ကိုလည်းကောင်း၊ Viking Marine Product Trading Co., Ltd. မှ ဦးတင်စိန်က ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ Kachin Golfers Group ကိုယ်စား ဦးဝင်းကြည်က ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ KBZ Bank Ltd. ဥက္ကဋ္ဌ ကိုယ်စား ကော့သောင်းဘဏ်ခွဲမှ မန်နေဂျာ ဒေါ်ကေသီဦးက ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ Air Bagan Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက ဆုကြေးငွေကျပ် ၁၂ သိန်းတန် ချက်လက်မှတ်ကိုလည်းကောင်း အသီးသီး ဆုကြေးငွေများအဖြစ် ပေးအပ်ချီးမြှင့်ကြသည်။

Air Bagan မြန်မာ-ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆင့်မပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် MPGA နှင့် MGF ဥက္ကဋ္ဌနှင့်အတူ ဆုရဂေါက်သီးရိုက်အားကစားသမားများအား တွေ့ရစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အမှတ်တရလက်ဆောင်ပေး

ထို့နောက် Air Bagan မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ Tournament Director ဦးမင်းသိန်းက ကော့သောင်း ဂေါက်ကလပ်အား အမှတ်တရလက်ဆောင်ကိုပေးအပ်ရာ ကော့သောင်း ဂေါက်ကလပ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. က ဖြစ်၍ Official Bank အဖြစ် KBZ Bank Ltd. ဖြစ်ကာ Co-Sponsors များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Kawthaung Golf Club၊ Srixon၊ Kachin Golfers Group၊ Jade Land Myanmar Co., Ltd.၊ Max Myanmar Co., Ltd.၊ London၊ Viking Marine Product Trading Co., Ltd. တို့က အသီးသီး ပါဝင်ကူညီကြပြီး ကော့သောင်းဆင့်မပွဲစဉ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယာရာအားရောင်းချခဲ့မှု ဘားကင့်မ် မပျော်ရွှင်နိုင်ပြီ

လန်ဒန် ဖေဖော်ဝါရီ ၇

အာဆင်နယ်အသင်းသည်အသင်းခေါင်းဆောင်ပက်ထရစ်ဗီယာရာအား မရောင်းချမီ ကစားသမားတစ်ဦးဦးကို



အစားထိုးသင့်ကြောင်း ဒင်းနစ်ဘားကင့်မ် **(အပေါ်ပုံ)**က ပြောဆိုခဲ့သည်။

ဗီယာရာအား ပြီးခဲ့သောနွေရာသီက ဂျူဗင်းတပ်စ်သို့ ပေါင်၁၃သန်းဖြင့် ရောင်းချလိုက်ကြောင်း၊ တစ်ဦးဦး ၎င်းနေရာတွင် ရောက်မလာမချင်း ဗီယာရာအား မရောင်းချသင့်ကြောင်း ဘားကင့်မ်က တိုင်း(မ်)သတင်းစာသို့ ပြောကြားခဲ့သည်။

မိမိအနေဖြင့် အာစင်ဝင်းဂါးကို လေးစားပါကြောင်း၊ သို့ရာတွင် ဗီယာရာအားမရောင်းချမီစဉ်းစားရန်လိုလိမ့်မည်ဟုထင်ပါကြောင်း၊ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် မလိုလားအပ်သော အပြောင်းအလဲတစ်ခုနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း တိုက်စစ်မှူးဘားကင့်မ်က ပြောကြားသည်။

ဗီယာရာသည် ကွင်းလယ်ကစားကွက်ကိုဖန်တီးနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်းအား ရောင်းချလိုက်၍ ဟာကွက်များဖြစ်နေခဲ့ရကြောင်း၊ ၎င်းကိုရောင်းချလိုက်သဖြင့် အာဆင်နယ်အတွက် အမှားကြီးမှားခဲ့ရကြောင်းဖြင့် ဘားကင့်မ်က ဆက်လက်ပြောကြားသည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီးယားလိဂ်ရာသီတွင် ၂၃ပွဲ ယှဉ်ပြိုင်ကစားရာတွင်၁၁ပွဲသာ အနိုင်ရခဲ့သည်။ ပရီမီယာရှစ်တန်းစီဇယားတွင် နံပါတ်(၆)နေရာတွင် ရောက်ရှိနေသည်။ လာမည့်ချန်ပီယံလိဂ်ရာသီတွင် ၎င်း၏နေရာအတွက် ခြိမ်းခြောက်ခံနေရသည်။ ပရီမီယာရှစ်တွင် ပထမနေရာနှင့် ဒုတိယနေရာသည် ချန်ပီယံလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်နိုင်ပြီး တတိယနှင့် စတုတ္ထနေရာရောက် အသင်းများသည် ခြေစစ်ပွဲဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိသည်။

(အင်တာနက်)

ဒူဘိုင်းဂေါက်သီးရိုက်ပြိုင်ပွဲ တိုက်ဂါးဝုဒ်ဗိုလ်စွဲ

ဒူဘိုင်း ဖေဖော်ဝါရီ ၇

ယူအေအီးနိုင်ငံ ဒူဘိုင်းဒီဆက်ကလပ်ဆစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁)အဆင့်ရှိ တိုက်ဂါးဝုဒ်သည် ကျင်းပိုကစားပြီး ဗိုလ်စွဲသွားခဲ့သည်။

တိုက်ဂါးဝုဒ်နှင့်တောင်အာဖရိကမှ အာနိုင်းအီးစ်တို့သည် စုစုပေါင်း လေးရက်ရိုက်ချက်၂၆၉ချက်စီ ရိုက်ခဲ့ကြသည်။ ယင်းတို့နှစ်ဦးသည် သတ်မှတ်ရိုက်ချက်ထက် ၁၉ချက်စီလျော့ရိုက်ခဲ့ကြသဖြင့် အမှတ်တူနေ၍ ကျင်းပို

တိုက်ဂါးဝုဒ်

ဒူဘိုင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော တိုက်ဂါးဝုဒ်အား ဖလားနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကစားခဲ့ရသည်။တိုက်ဂါးဝုဒ်က ပထမကျင်းပိုတွင် ကျင်းဝင်အောင် ရိုက်နိုင်ခဲ့၍ အဆိုပါပြိုင်ပွဲ၌ဗိုလ်စွဲသွားခဲ့သည်။

ထိုနေ့က ဩစတြေးလျမှ ရစ်ချတ်ဟရင်းက သတ်မှတ်ရိုက်ချက်ထက် ၁၈ချက်လျော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။

စပိန်မှ ဂျီဇန်နက်ဇ်နှင့် ဒိန်းမတ်မှ ဟန်ဆင်တို့က ၁၇ချက်၊ တောင်အာဖရိကမှ ရစ်တစ်ဖ်ဂူဆင်က ၁၆ချက် အသီးသီး လျော့ရိုက်နိုင်ခဲ့သည်။

တိုက်ဂါးဝုဒ်၏ လေးရက်ရိုက်ချက်မှာ ၆၇+၆၆+၆၇+၆၉ဖြင့် စုစုပေါင်း ၂၆၉ချက် ရိုက်ခဲ့သည်။

အလားတူ အာနိုင်းအဲလ်စ်မှာလည်း လေးရက်ရိုက်ချက် ၆၈+၆၆+၆၈+၆၇ချက်ဖြင့် စုစုပေါင်း၂၆၉ ချက် ရိုက်ခဲ့သည်။ ယင်းတို့နှစ်ဦးသည် လေးရက်အပြီး ရိုက်ချက်လျော့တူနေ၍ ကျင်းပို (Play-off)ကစားခဲ့ရသည်။

တိုက်ဂါးဝုဒ်သည် ၎င်း၏ဂေါက်သီးကစားသမားသက်တမ်းတစ်လျှောက် ဖလား၅၇လုံး အနိုင်ရဗိုလ်စွဲခဲ့ရာတွင် ၁၄ပွဲမှာ ကျင်းပို(Play-off)ကစားပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယခုဗိုလ်စွဲသော ဖလားမှာ ၎င်း၏၂၀၀၆ခုနှစ်အတွက် ဒုတိယမြောက်ဖလားဖြစ်သည်။ ယခုနှစ်တွင် တိုက်ဂါးဝုဒ်သည် ဗျူးရစ်ဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း ပြီးခဲ့သည့်အပတ်က ကျင်းပို(Play-off)ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အမျိုးသားဂေါက်သီးအားကစားသမားများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်

၁။ တိုက်ဂါးဝုဒ် (အမေရိကန်)
၂။ ဗီဂျေဆင်း (ဖီဂျီ)
၃။ ရစ်တစ်ဖ်ဂူဆင် (တောင်အာဖရိက)
၄။ ဖီးလ်မိုက်ကယ်ဆွန် (အမေရိကန်)
၅။ အာနိုင်းအဲလ်စ် (တောင်အာဖရိက)
၆။ ဆာဂျီယိုဂါစီယာ (စပိန်)
၇။ ဂျင်ဖူရိုက်စ် (အမေရိကန်)
၈။ ခရစ်ဒီမာတို (အမေရိကန်)
၉။ ဒေးဗစ်တွန် (အမေရိကန်)
၁၀။ အဒမ်စကော့တ် (ဩစတြေးလျ)

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့တင်းနစ်လောကသို့ တစ်ကျော့ပြန် မာတီနာဟင်းဂစ် အောင်မြင်မှုခြေလှမ်းသစ် စတင်နိုင်ခဲ့ပြီ

တိုကျို ဖေဖော်ဝါရီ ၇

ပစိဖိတ်အရှေ့ဖျား အမျိုးသမီးတင်းနစ်ပြိုင်ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ယခင်ကမ္ဘာ့နံပါတ် (၁) တင်းနစ်မယ် မာတီနာဟင်းဂစ်က ရုရှားမှ အယ်လီနာဒီဗင်တီဗာအား ဗိုလ်လုပွဲတွင် ရှုံးနိမ့်သွားခဲ့၍ ဒုတိယဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသူ မာတီနာဟင်းဂစ်သည် ဒီဗင်တီဗာအား ဗိုလ်လုပွဲတွင် ၆-၂၊ ၆-၀ ဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။ သူမသည် အကြိုဗိုလ်လုပွဲတွင် ရုရှားမှ ကမ္ဘာ့အဆင့် (၄)ရှိ မာရီယာရှာရာပိုဗာအား အနိုင်ရပြီး ဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။

ရုရှားသူ ဒီဗင်တီဗာသည်မာတီနာဟင်းဂစ်အားအကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီးမှပြိုင်ပွဲတွင်အနိုင်ရခဲ့ခြင်းဖြစ်သည်။ သူမသည် ၂၀၀၄ခုနှစ်က ဂရင်းဆလမ်းကြီးလေးကြီးပြိုင်ပွဲ လေးပွဲရှိရာတွင် နှစ်ပွဲဗိုလ်လုပွဲတက်နိုင်ခဲ့၍ ကမ္ဘာ့အဆင့် သတ်မှတ်ချက်(၈)သို့ တက်နိုင်ခဲ့သည်။

၎င်းသည် ဂရင်းဆလမ်းပြိုင်ပွဲ ၂၀၀၄ခုနှစ်က ဗိုလ်လုပွဲရောက်ပြီးနောက် ယခုဗိုလ်စွဲသည့် ပြိုင်ပွဲသည်

မာတီနာဟင်းဂစ် (ဝဲ)နှင့် ဒီဗင်တီဗာ တို့အား ဆုများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သူမအတွက် ပထမဆုံးအကြိမ်ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

မာတီနာဟင်းဂစ်သည် ယခင်ကမ္ဘာ့အဆင့်(၁)ရှိ အမျိုးသမီးတင်းနစ်ကစားသမားဖြစ်ပြီး ခြေထောက်ဒဏ်ရာကြောင့် ၂၀၀၂ ခုနှစ်က တင်းနစ်လောကမှအနားယူသွားခဲ့သူဖြစ်သည်။ ၎င်းသည် ယခုနှစ်တွင် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှစပြီး တင်းနစ်လောကသို့ပြန်ရောက်လာသူဖြစ်သည်။ သူမက ၂၀၀၆ ခုနှစ်အစတွင် ဩစတြေးလျတင်းနစ်ပြိုင်ပွဲများသို့မသွားရောက်မီ ကမ္ဘာ့ နံပါတ်(၁)ဖြစ်ရခြင်းကဲ့သို့ မည်သည့် အရာမျှ ပျော်စရာမရှိပြီဟု ပြောကြားခဲ့သည်။

သူမသည် ဩစတြေးလျအိုးပင်းတွင် ကွာတားဖိုင်နယ်အထိတက်နိုင်ပြီ ယခုပြိုင်ပွဲတွင် ရုရှားထိပ်တန်းတင်းနစ်မယ် ရှာရာပိုဗာအား အနိုင်ရအောင် ကစားပြသွားနိုင်ခဲ့သည်။

ပွဲအပြီး သူမကပြောကြားရာတွင် "မိမိသည် လွန်ခဲ့သော သီတင်းပတ်ခြောက်ပတ်ခန့်က တင်းနစ်လောကသို့ အရှိန်အဟုန်ဖြင့် ဝင်လာပြီး ကောင်းကောင်း လက်စွမ်းပြသွားခဲ့ကြောင်း၊ ရုရှားတင်းနစ်မယ်တစ်ယောက်သာမဟုတ်ဘဲ ရုရှားတင်းနစ်မယ်အများစုကို ယှဉ်ပြိုင်ဖို့အသင့်ရှိကြောင်း၊ ပြိုင်ပွဲတွင်ဗိုလ်မစွဲနိုင်သော်လည်း ကျေနပ်ပျော်ရွှင်မိကြောင်း"ဖြင့် ပြောကြားသည်။ **(အင်တာနက်)**

အခြားပြည်နယ်နှင့် တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မန္တလေးတိုင်း

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

"နေခြည်ဖြာလှစ်၊ ကန်ပေါင်သစ်နှင့်
ကျွမ်းစာပေါင်းစုံ၊ ဂန္ဓာရုံနှင့်
ရေလှိုင်းကပုတ်၊ ငွေဖျိုင်းအုပ်နှင့်
အသွယ်သွယ်စီတန်း၊ မယ်ဇယ်တန်းနှင့်
ရင်သပ်ရှုမော၊ အလှတောနှင့်
ရွှင်မြူးလျှောက်သွား၊ ဦးပိန်တံတားနှင့်
ရိုးရာမပျက်၊ ရက်ကန်းစက်နှင့်
ကောက်ညှင်းကမွေး၊ ငါးကြော်လေးနှင့်
လမ်းလျှောက်ပန်းဖြေ၊ စခန်းတွေနှင့်
လေညင်းခံလှည့်၊ တောင်သမန်ရဲ့အင်း
ဖော်တစ်သင်းခရီး၊ ပျော်ပြီးမြူးကြွ
ရှုတိုင်းလှသည်၊ ပန်းချီဆေးသား
ထင်ယောင်မှားသည်၊
နန္ဒာကန်လော၊ တောင်သမန်လော...။"

စာရေးသူတို့သည် တောင်သမန်အင်းထိပ်အလယ် ဦးပိန်တံတားထိပ်ရှိ တမာပင်အုပ်အုပ်ဆိုင်းဆိုင်းအတန်းကြီးအောက်မှာ တောင်သမန်အင်းက ထွက်သည့် ငါးကလေးကြော်နှင့် နုနုထွေးထွေး၊ ပူပူနွေးနွေး နတ်ပြည်မွှေး ကောက်ညှင်းပေါင်းကို တဝကြီးစား၍ ငှက်သမ္ဘန်ကလေးစီးကာ ကျောက်တော်ကြီးသို့ လာကြသည်။

ဦးပိန်တံတားသည် အမရပူရ တောင်သမန်အင်းပေါ်ရှိ အမရပူရခေတ်နှောင်း သစ်သားတံတားကြီးဖြစ်သည်။ အေဒီ ၁၈၆၁ ခုနှစ်ခန့်တွင် ပုဂံမင်း၏ မြို့စာရေးဦးပိန်က အင်းဝနန်းတော်ဟောင်းမှသစ်များဖြင့် ဆောက်လုပ်ခဲ့သည်။

တည်ဆောက်စဉ်ကာလ နှစ်နှစ်ကြာခဲ့ပြီးနောက် ပြီးစီးနှစ် နေ့နံသင့် အမှတ်အသားမှာ **"အင်းကအော်ကြီး၊ ဆောက်လုပ်ပြီး"**ဟူ၍ဖြစ်သည်။ မြေဝင်ခုနစ်ပေ၊ မူလတိုင် ၉၈၄တိုင်၊ နောင်တွင် ၁၀၈၆တိုင်၊ အရှည် ၃၉၆၇ပေ ရှိသည်။ အမရပူရ အရှေ့ဘက်၊ မန္တလေးတောင်ပိုင်းတွင် တည်ရှိသည်။

စာရေးသူတို့သည် တောင်သမန်အင်းကို ငှက်သမ္ဘန်ဖြင့် ဖြတ်ကူးသည်။ ဦးပိန်သစ်လုံးတံတားကြီးကို မြင်တွေ့နေရသည်။ တောင်သမန်အင်းသည် အမရပူရမြို့ အရှေ့ဘက်ရှိ အလွန်ထင်ရှားသော အင်းကြီးဖြစ်သည်။ အင်းဘေးတွင် ကျော်ကြားသော မဲဇလီပင် အုပ်အုပ်ဆိုင်းဆိုင်း တောတန်းကြီးသဖွယ် တည်ရှိသည်။

တောင်သမန်အင်းကြီးကို ကန်ပေါင်အသစ်ထိုးထားသည်မှာ သာယာလှပလျက်ရှိသည်။ ငွေဖျိုင်းဖြူအုပ်များကလည်း နားလိုက်ပျံလိုက်နှင့် တောင်သမန် အင်း၏အလှကို ဖော်ညွှန်းနေသည်။ ဂန္ဓာရုံ စာသင်တိုက်ကြီးကလည်း ကြီးမား စည်ကားလျက်ရှိသည်။ ရက်ကန်းစင်တွေကလည်း လွန်းရက်ဖောက်သံများဖြင့် မရပ်မနား ရက်ခတ်နေကြသည်။ တောင်သမန်သည် မြန်မာ့အညာဒေသ၏အလှကိုသက်သေပြုနေသည်။

စာရေးသူတို့သည် ကျောက်တော်ကြီးဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။ မန္တလေးတောင်ခြေရှိ ထင်ရှားသော ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်သည်။ ၁၈၆၄ခုနှစ်တွင် စကျင်တောင်မှ မန္တလေးသို့ သယ်ယူစေခဲ့ပြီး ၁၈၆၅ခုနှစ် မေလ ၁၆ရက်(၁၂၂၇ခု ကဆုန်လပြည့်ကျော် ၁၅ရက်)တွင် မင်းတုန်းမင်း ကိုယ်တိုင် မျက်နှာတော်ဖွင့် ပူဇော်ခဲ့သည်။ ဘွဲ့အမည်မှာ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ဖြစ်သည်။ မတ္တရာအနီး စကျင်တောင်မှ တစ်လုံးတည်းသော ကျောက်သားကို ထုလုပ်ထားခြင်း ဖြစ်၍ ကမ္ဘာပေါ်တွင် ပထမအကြီးမားဆုံးမှာ ရန်ကုန်တွင်ရှိ၍ ဤကျောက်တော်ကြီးဘုရားသည် ဒုတိယအကြီးဆုံး စကျင်ရုပ်ပွားတော်ကြီးဖြစ်သည်။ ညောင်ရမ်းစော်ဘွား၏ ကောင်းမှုတော် ဖြစ်သည်။ မန္တလေး တောင်ခြေတောင်ဘက်အရပ်၌ တည်ရှိသည်။

မန္တလေးတိုင်းသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ ယဉ်ကျေးမှုမြို့တော်ဖြစ်သကဲ့သို့ ကျေးလက်ဒေသ အထူး စီမံကိန်းငါးရပ် အောင်မြင်ပြီး ၁၃ခရိုင် စိမ်းလန်းစိုပြည်ရေးကြောင့် စိမ်းလန်းစိုပြည်၍ သီးနှံစုံ စိုက်ပျိုးနိုင်ပြီး အခြား ပြည်နယ် တိုင်းများ နည်းတူ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက် လျက်ရှိ။

မြန်မာသက္ကရာဇ် ၁၂၂၄(အေဒီ၁၈၆၂)ခုနှစ်မှစ၍ မန္တလေးမြို့ လေးပြင်လေးရပ်တို့တွင် လမ်းများ၊ အိမ်ဝင်းများကို အကွက်ချ၍ ပေးသည်။ ရပ်ကွက်ပေါင်း ၅၅ရပ်ကွက် ဖွဲ့စည်းသတ်မှတ်ပေးခဲ့သည်။ ထိုရပ်ကွက်တို့တွင် အစုအမှုထမ်းများအလိုက် စနစ်တကျ နေရာချထားပေးသည်။ အစုအမှုထမ်းလုပ်ငန်းဆိုင်ရာအရ အမြောက်တန်း၊ ပရိက္ခရာတန်း၊ မှန်တန်း၊ စာတိုက်တန်း၊ မျက်ပါးရပ်နှင့် ရွှေချည်ထိုးရပ် စသည်တို့ ဖြစ်သည်။ သက္ကရာဇ် ၁၂၃၇ခုနှစ်တွင် ရွှေတချောင်း အနောက်ဘက်ရပ်ကွက်များကို တိုးချဲ့ပေးခဲ့ပြီး မြေမြို့ရိုးတံခါး ၅၇ခုကိုလည်း တည်ဆောက်ခဲ့သည်။

၂၄-၁၂-၂၀၀၅ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း မန္တလေးမြို့ ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးစဉ်-

"တံတားတည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ရနေပြီ ဖြစ်ရာ သေသပ်သပ်ရပ် ခိုင်ခံ့သည့် တံတားကြီးဖြစ်အောင် စနစ် တကျ ဆက်လက် တည်ဆောက်သွားကြရန်"

လမ်းညွှန် မှာကြားခဲ့သည်။

၅၆၁၄ပေရှည် လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်သည့် ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက မန္တလေးနှင့် စစ်ကိုင်းနှစ်ဘက်စလုံးမှ တစ်ပြိုင်တည်း တည်ဆောက်နေသည်ကို စာရေးသူတို့ လေ့လာတွေ့ရှိခဲ့ရသည်။

မန္တလေးကန်တော်ကြီးဥယျာဉ် ဖွံ့ဖြိုးတိုးတက်မှုများ၊ သင်္ဇာချောင်း သာယာလှပသန့်ရှင်းရေး ဆောင်ရွက်မှုများကိုလည်း လေ့လာခဲ့ကြသည်။ ထို့နောက် မန္တလေးဈေးချိုတော် ပတ်ဝန်းကျင်နှင့် မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို သွားရောက်လေ့လာခဲ့သည်။

စာရေးသူတို့ကားလေး မန္တလေး-ရန်ကုန် ကားလမ်းပေါ်တွင် တရိပ်ရိပ်ပြေးနေသည်။ ဒုဋ္ဌဝတီ ရေကြည်ချောင်းကလေး ကွေ့ကောက်ပြီး စီးဆင်းနေသည်ကို တွေ့လိုက်ရသည်။ ဒုဋ္ဌဝတီ(မြစ်ငယ်) တံတားဖွင့်ပွဲနှင့် ကြုံကြိုက်နေသည်။

၁၀-၉-၂၀၀၅ရက်နေ့တွင် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့်အမရပူရမြို့နယ်တို့အကြား ရန်ကုန်-မန္တလေး ခြောက်လမ်းသွားကားလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ် ဖြတ်သန်းတည်ဆောက်ထားသည့် မြစ်ငယ်တံတားဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ထိုတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်ထားခြင်းဖြစ်သည်။ ထိုတံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့သော အင်ဂျင်နီယာမှူး ဦးစိုးမင်းနှင့် လှိုင်သာယာတံတားတည်ဆောက်ရာတွင် သိရှိခင်မင်ခဲ့ရသဖြင့် သူက စာရေးသူကိုစိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

ထိုတံတားဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားရာတွင်-

"တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ပေးခဲ့သည့် ပေ၁၈၀၀အထက်မြစ်ကူးတံတားကြီးများအနက် ၂၀၇စင်း မြောက် ဖြစ်သော မြစ်ငယ်တံတားကြီးကို တပ်မတော်အစိုးရက နိုင်ငံတော်၏ တာဝန်ကို ရယူပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို စတင်ကူးပြောင်း တည်ဆောက်လာခဲ့သည့်ကာလ နှစ်ပတ်လည်အထိမ်း အမှတ်အဖြစ် ယခုကဲ့သို့ ကြိုဆိုဂုဏ်ပြု ဖွင့်လှစ်နိုင်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဤသည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများ အတွက်ရော မိမိတို့တပ်မတော်အစိုးရအတွက်ပါ အလွန်ပင် ကျက်သရေမင်္ဂလာရှိသည့် အမျိုးသားရေး အနှစ်သာရနှင့် ပြည့်ဝလှသည့် တိုးတက်ဖြစ်ထွန်းမှု တစ်ခုဖြစ်သည်ဟု မှတ်ယူထားပါကြောင်း"

ပြောကြားခဲ့ပါသည်။

လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည့် လမ်း၊ တံတားများကို အရှိန်အဟုန်ဖြင့် တည်ဆောက်သွားရန် လမ်းညွှန်ထားပါသည်။

မြစ်ကူးတံတားကြီးများအနေဖြင့် ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်ပြီး ခုနစ်စင်း၊ တည်ဆောက်ဆဲတစ်စင်း ပေါင်းရှစ်စင်း၊ သံလွင်မြစ်ပေါ်တွင် လေးစင်း၊ ချင်းတွင်းမြစ်ပေါ်တွင် နှစ်စင်း၊ စစ်တောင်းမြစ်ပေါ်တွင် နှစ်စင်း၊ မြစ်ငယ်(ခေါ်)ဒုဋ္ဌဝတီမြစ်ပေါ်တွင် ဤတံတားအပါအဝင် တည်ဆောက်ပြီး သုံးစင်း ဖြစ်သည်။

မြန်မာတို့၏သမိုင်းတွင် ထူးခြားလေးနက်သည့် ပြောင်းလဲတိုးတက်မှု တစ်ရပ်အဖြစ် မော်ကွန်းရေးထိုးရမည့် ခေတ်ပြောင်းစနစ်ပြောင်း ကြိုးစားအားထုတ်မှုတစ်ရပ်ဖြစ်သော ဤမြစ်ငယ်တံတားကြီးသည် နှစ်ပေါင်းရှည်ကြာစွာ ဝင့်ဝင့်ကြွားကြွား တည်တံ့ခိုင်မြဲနေတော့မည်ဖြစ်သည်။

အဓိက ပင်မဆက်သွယ်ရေးလမ်းကြောင်းကြီးဖြစ်သည့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယခုကဲ့သို့ ခြောက်လမ်းသွားတံတားသစ်ကြီးပေါ်ထွန်းလာခြင်းကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်း အသီးသီးမှ တိုင်းရင်းသားပြည်သူများအကြား ဆက်သွယ်ဆက်ဆံမှု၊ ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှုတို့ သိသိသာသာ ပိုမိုတိုးတက်ချောမွေ့ကောင်းမွန်လာမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများနှင့် ထပ်တူထပ်မျှ များစွာဝမ်းမြောက် ပီတိဖြစ်ကြရပါသည်။

လမ်းတံတားများကို ကွန်ရက်များကဲ့သို့ ယှက်သွယ်တည်ဆောက်ပြီးဖြစ်သည်။ လမ်းအပိုင်းတွင် ကွန်ရက်သဖွယ် ဖြစ်နေသော်လည်း မြေလမ်း၊ အမာခံလမ်း၊ ကျောက်လမ်းများရှိနေသကဲ့သို့ တချို့လမ်းကျဉ်းနေသည်များ ခံနိုင်ဝန်နည်းသည်များရှိနေပါသည်။

ယခုလာမည့် ပွင့်လင်းရာသီကစပြီး လမ်း ၃၇လမ်းကို ဦးစားပေးပြီး မြေလမ်းများကို အမာခံလမ်း၊အမာခံလမ်းများကို ကျောက်ချောလမ်း၊ ကျောက်ချောလမ်းများကိုကတ္တရာလမ်း စသည်ဖြင့် အဆင့်တိုးမြှင့်ဆောင်ရွက် သွားရန် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ထားပြီး အခြားလမ်းများကိုလည်း ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် ထိရောက်စွာအကျိုးဖြစ်ထွန်းလျက်ရှိသည့် ဆည်၊ မြောင်း၊ တာတမံများ၊ ရထားလမ်း၊ ကားလမ်းသစ်များ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီးများအပါအဝင် လေယာဉ်ကွင်းသစ်များ၊နိုင်ငံတကာအဆင့်မီ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ၊ စက်ရုံ၊ အလုပ်ရုံကြီးများ၊ ရေအားလျှပ်စစ်စက်ရုံကြီးများ၊ သဘာဝဓာတ်ငွေ့သုံးနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ စသည့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများသည် တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် ဆင့်ကာဆင့်ကာ ဖြန့်ကြက်ပေါ်ထွက်လာလျက် ရှိနေသည်။

မန္တလေးတိုင်းအတွင်း တံတားတည်ဆောက်မှုအပိုင်းတွင် တံတားဦးမြို့နယ်ရှိ ဒုဋ္ဌဝတီတံတား၊ ပုသိမ်ကြီးမြို့နယ်ရှိ နမ္မောင်းတံတား၊ ကျောက်ဆည်မြို့နယ်ရှိ စမုံပေါက်တံတား၊ စဉ့်ကိုင်မြို့နယ်ရှိ ပန်းလောင်းတံတား၊ ပန်းဆေးတံတားတို့အပြင် ယခုမြစ်ငယ်တံတားကို ရှစ်စင်းမြောက်အဖြစ် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး အမရပူရမြို့နယ်တွင် ဧရာဝတီ တံတား(ရတနာပုံ)ကို တည်ဆောက်လျက်ရှိနေသည်။

မြစ်ငယ်တံတားသည် နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး ခြောက်လမ်းသွား နိုင်လွန်ကတ္တရာလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ခြောက်လမ်းသွားတံတားဖြစ်သည်။ မြစ်ငယ်တံတားကိုဖြတ်၍ ရန်ကုန်-မန္တလေးခြောက်လမ်းသွားလမ်းမကြီးမှတစ်ဆင့် အထက်အောက် မြန်မာပြည် ပြည်နယ်၊ တိုင်းများသို့လည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့လည်းကောင်း လွယ်လင့်တကူဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်သည်။

၁၉၈၈ခုနှစ်က ပြည်ထောင်စုလမ်းမကြီးပေါင်း ၄၆၁ လမ်းနှင့် လမ်းမိုင်အရှည် ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယနေ့ နိုင်ငံတော်တွင် လမ်းမကြီးပေါင်း ၁၆၀ နှင့် လမ်းမိုင်ပေါင်း ၅၀၀၅ မိုင် တိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် လမ်းမကြီးပေါင်း၆၂၁လမ်းနှင့် လမ်းမိုင်အရှည် ၁၈၆၄၀ မိုင် ရှိလာခဲ့ပြီဖြစ်သည်။

မြစ်ငယ်တံတားဖွင့်လှစ်သည်အထိ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးခဲ့သော တံတားကြီး ၂၀၇စင်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၂၆၆၅၁ဒသမ ၆၉၄သန်းနှင့် အမေရိကန်ဒေါ်လာ ၁၇၂သန်းကျော် သုံးစွဲခဲ့ပြီး ဖြစ်ကြောင်း သိရပါသည်။

မြစ်ငယ်တံတားသည် အရှည်ပေ ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီ ရှိသည်။ တံတားအပေါ်ထည်မှာ ကြိုတင်အားဖြင့် သံကူကွန်ကရစ်၊ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးပိုင်အမျိုးအစားတံတားဖြစ်ပြီး ယာဉ်တစ်စီးချင်း၏ ခွင့်ပြုတန်ချိန်မှာ ၇၅ တန်ဖြစ်သည်။

၁၉၈၈ ခုနှစ်ကာလက ရထားလမ်းခရီးမိုင် ၁၉၇၆ မိုင်ကျော်၊ သံလမ်းမိုင် ၂၇၉၀ကျော်သာရှိခဲ့ရာမှ ယခုဆိုလျှင် ခရီးမိုင် ၁၀၆၆ မိုင်ကျော်၊ သံလမ်းမိုင် ၁၁၆၀ ခန့်တိုးပွားလာပြီး စုစုပေါင်းခရီးမိုင် ၃၀၀၀ ကျော်နှင့် သံလမ်းမိုင် ၄၀၀၀ကျော်အထိ ရှိလာခဲ့သည်။

တိုးပွားလာသည့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရန် ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံးနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံ စီမံကိန်းများကို တစ်နိုင်ငံလုံးတွင် အကွက်ချတည်ဆောက်ခဲ့သည့်အတွက် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရေအားလျှပ်စစ်စီမံကိန်း ၃၀၊ ဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံလေးရုံနှင့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတစ်ရုံတို့ တိုးပွားဖြစ်ထွန်းလာခဲ့သည်။

ယင်းစီမံကိန်းများအတွက် နိုင်ငံတော် ဘဏ္ဍာငွေကျပ်သန်းပေါင်း လေးသောင်းခန့်၊ အမေရိကန်ဒေါ်လာ ၅၁၆ သန်းကျော်၊ ဂျပန်ယန်းငွေ သန်း ၁၆၈၀၀ကျော်နှင့် ဩစတြေးလျ ရှီလင် ၂၃ သန်းကျော် ကျခံ သုံးစွဲခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယခုအခါ လျှပ်စစ်စွမ်းအားကဏ္ဍတွင် စက်တပ်ဆင်အင်အား ၈၃၃ မဂ္ဂါဝပ်ရှိလာပြီး လက်ရှိ မဂ္ဂါဝပ် ၆၀၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

မန္တလေးတိုင်းသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ ယဉ်ကျေးမှုမြို့တော်ဖြစ်သကဲ့သို့ ကျေးလက်ဒေသ အထူးစီမံကိန်းငါးရပ် အောင်မြင်ပြီး ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးကြောင့် စိမ်းလန်းစိုပြည်၍ သီးနှံစုံစိုက်ပျိုးနိုင်ပြီး အခြားပြည်နယ် တိုင်းများနည်းတူ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျေးလက်လယ်မြေများ စိုက်ပျိုးရေရရှိရေး အင်းဆည်ဖွင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းစနစ်များရှင်းလင်း

မိတ္ထီလာ ဖေဖော်ဝါရီ ၄

ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် လယ်မြေများစိုက်ပျိုးရေ ရရှိရေးတို့အတွက် မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အင်းကျေးရွာအုပ်စု အင်းကျေးရွာ အင်းဆည်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ၁နာရီက ဆည်အနီးရှိ မဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးသန်းက ဆည်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိသူများထံ ပေးအပ်သည်။

ဖဲကြိုးဖြတ်

ထို့နောက် အင်းဆည်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်၊ ခရိုင်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငြိမ်းမောင်နှင့် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဇော်တို့က ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးနိုင်ရေး၊ ကြက်ဆူပင်စိုက်ပျိုးမှုတိုးတက်ရရှိရေးနှင့် ကြက်ဆူပင်စိုက်ပျိုး နည်းစနစ်တို့ကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တန့်ဖရဲ-မြစ်ဆုံလမ်း တံတားဆောက်

မြစ်ကြီးနား ဇန်နဝါရီ ၁၆

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးအောင်ငွေ လိုက်ပါ၍ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ၂၁ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ် တန်ဖရဲစံပြကျေးရွာသို့ ဆက်သွယ်သည့် အရှည်ပေ ၈၀ရှိ တန်ဖရဲ-မြစ်ဆုံလမ်း သစ်သားတံတား ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် တံတားကြံ့ခိုင်မှုတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။**(အပေါ်ပုံ)**

သစ်သားတံတား

အဆိုပါ တံတားမှာ အုတ်ခုံခံ သစ်သားတံတားဖြစ်ပြီး တံတားမှာ ပေ၈၀၊ ၁၄ပေ၊ ၁၄ပေ အရွယ် အစားဖြစ်ကြောင်း သိရသည်။

(ပြည်နယ် စည်ပင်)

ဘုတ်ပြင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဓမ္မဝိဇယလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၈ရက်က အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မိုးကောင်းမြို့၌ လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်

မိုးကောင်း ဇန်နဝါရီ ၈

မိုးကောင်းမြို့နယ် ကျွန်းပင်သာကျေးရွာအုပ်စုအထက် ရှမ်းစုကျေးရွာတွင် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကိုဒီဇင်ဘာ ၉ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်(ထက်သူအောင်)၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးရဲမြင့်နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအုန်းရွှေတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းဟောပြောသည်။

ထို့နောက် စေတနာရှင်များက သုတရသစာအုပ်နှင့် စာနယ်ဇင်းမျိုးစုံ ၄၇၃အုပ်ကို စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(၄၁၆)

အမြို့မြို့ အနယ်နယ် သတင်းများ

ပေါင်းတည်မြို့ ဇီးတောကျောင်း စာကြည့်တိုက် သုံးနှစ်ပြည့် အထိမ်းအမှတ် အလှူရှင်များဂုဏ်ပြု

ပေါင်းတည် ဖေဖော်ဝါရီ ၂

ပေါင်းတည်မြို့ ဟသ်ာကန်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဇီးတောကျောင်း စာကြည့်တိုက် သုံးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါကျောင်းဓမ္မာရုံအတွင်းရှိ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက် အတွင်းရေးမှူးဦးသန့်ဇင်က နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး **(အပေါ်ပုံ)** စာကြည့်တိုက်အမှုဆောင် ဥက္ကဋ္ဌ ဦးမြင့်သန်းက ငွေလှူဒါန်းသူများနှင့် စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

အလှူငွေနှင့် စာအုပ်များလှူဒါန်းရာတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၃၀၀၀၊ နတ္တလင်းမြို့စိန်ဘက်ထရီရန်ကုန် ပြည်လမ်းဆည်းဆာအမှတ် (၃၃) ဗုဒ္ဓဓမ္မစာပေနှင့်တရားတိပ်ခွေ ဓမ္မဒါန အဌားဌာနမှ ငွေကျပ် ၂၀၀၀၊ သီးခြားအလှူရှင်များက ငွေကျပ်၆၀၀၀ နှင့် သုတရသစာအုပ် ၂၁ အုပ်တို့ဖြစ်ကြသည်။

ဇီးတောကျောင်းစာကြည့်တိုက်သို့ အလှူရှင်များက တစ်နှစ်အတွင်း လှူဒါန်းမှုမှာ ငွေ၅၇၀၇၅ကျပ်နှင့်သုတရသစာအုပ်မျိုးစုံ ၇၄၈အုပ်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်စီတံတားဆောက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝမ်ကျန်ကျေးရွာတွင် ကျောက်စီ သစ်သားတံတား တည်ဆောက်မှုကို ဇန်နဝါရီ ၁၈ရက်က ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်ကျော် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မြန်အောင်မြို့နယ် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဆင်ကျုံးကွင်း-နှောကုန်း-မဲဇလီကွင်း-ထောက်ကြံ့ကွင်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၆ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးမိုးဟိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်သက်တို့ ကြီးကြပ် ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ခင်ဦးမြို့နယ် စည်ပင်ခန်းမဝင်း၌ သန့်ရှင်းရေးဆောင်ရွက်

ခင်ဦး ဇန်နဝါရီ ၂၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ခန်းမ ဝင်းအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် အဖွဲ့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ဇန်နဝါရီ၁၁ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်လှ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးခင်မောင်သိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မ(မင်္ဂလာဈေး)အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကဒါရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်အဖွဲ့ဝင်များ စုပေါင်း၍ ပေါင်မြို့မင်္ဂလာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လေ့ကျင့်ကြစဉ်။

(၂၆၀)

မြန်မာ့အသံ

၉-၂-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (အသားထုတ်လုပ်မှု နည်းပညာ သင်တန်းများအကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သက်တံရောင်စဉ်နှင့် အတွေးသစ်ဆောင်းပါးများ (ထက်ခေါင်)
(၂) ပိတောက်နွယ်မဂ္ဂဇင်း (အမှတ်-၁)
၁၂း၀၀ သိပ္ပံပညာ သိကောင်းစရာ (နှလုံးနှင့်သွေးကြော စောင့်ရှောက်ရေး-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (မန္တလေးမြို့က ထိုးမုန့်)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (ချင်းရိုးရာ တူရိယာအကြောင်း)
၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၆း၄၀ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာ (မောင်သိန်းလွင်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (တစ်မြေတည်းဖွား တစ်သားတည်းနေ)

ရာပြည့်ပူဇော်ပွဲ

ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်(အရှေ့တိုက်) ဦးစီးနာယက ပဓာန ဘဒ္ဒန္တ မာလာလင်္ကာရ(အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်ပူဇော်ပွဲကို (၁၃၆၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) ၁၄–၂–၂၀၀၆ရက်၌ ကျင်းပပြုလုပ်မည်ဖြစ်၍ ကြည်ညိုပူဇော်လိုသူ ရဟန်းရှင်လူမည်သူမဆို လာရောက်ကြည်ညို ပူဇော်နိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့
မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်(အရှေ့တိုက်)၊
ပခုက္ကူမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေ အမိန့်–၂၁၊ နည်းဥပဒေ–၆၆)

မန္တလေးတိုင်း တရားရုံး

၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ်–၂၀၃

မြန်မာ့စီးပွားရေးဘဏ် (မြင်းခြံ)။ **နှင့်** ၁။ ဦးကျော်သုန် ၂။ ဒေါ်ရွှေခြုပ်

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှု အမှတ် ၂၈၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ် မတ်လ ၁၆ ရက်၊ မြန်မာသက္ကရာဇ် (၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၈) လေးရှာကွင်း၊ မြေကွက် အမှတ်(၉)အတွင်း ဧရိယာ(၀ ဒသမ ၁၈၂)ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ထပ်ချင်း နံကပ်တိုက်နှင့် နံကပ်ရေချိုးခန်း၊ လုပ်ငန်းသုံးအဆောက်အအုံနှင့် အုတ်ကန်(၂၄ x၃၆ x၁၁)ပေ လုပ်ငန်းသုံး အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ် ၅၈ သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

PANDA (Engineering Group)
ELECTRONIC & AIRCON SERVICE CENTRE
TV. VCD.DVD.MONITOR
AIRCONDITION SERVICING (Split Type) 4000 Ks
WASHING MACHINE (Window Type) 3000 Ks
REFRIGERATOR/FREEZER, CHILLER, COLD STORE
TRANSFORMAR, WATER HEATER (Boiler)
Office : No.32(A), Daw Thein Tin Road (Ground Floor) Mingalar Taung Nyunt Tsp., Yangon.
Tel : 373531
e-mail : knw@pandaelectronic.com
www.panda electronic.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာ လုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီကျောက်မျက်၊
ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်(အသစ်)များ

ကွင်းဆင်းစစ်ဆေးရန်ကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၇ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ရက်)

၁။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီ၏ ကြေညာချက် (၃/၂၀၀၅)အရ အောက်ဖော်ပြပါ ရတနာနယ်မြေအသီးသီးတွင် လျှောက်ထားခဲ့ကြသော ကျောက်မျက်၊ ကျောက်စိမ်းဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများကို ကွင်းဆင်းစစ်ဆေးတိုင်းတာရေးအဖွဲ့များက ယှဉ်တွဲဖော်ပြပါနေ့ရက်မှ စတင်၍ ကွင်းဆင်းစစ်ဆေးတိုင်းတာမည်ဖြစ်ပါသည်–

(က) မိုးကုတ်ရတနာနယ်မြေ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ စတုတ္ထပတ်
(ခ) မိုင်းရှူးရတနာနယ်မြေ ။
(ဂ) နန့်ယားဆိပ်ရတနာနယ်မြေ ။
(ဃ) ခန္တီးရတနာနယ်မြေ ။
(င) မိုးညှင်းဒေသ ။

၂။ ရတနာနယ်မြေ/ဒေသများရှိ မှော်နှင့်ကွက်ရပ်အလိုက် ကွင်းဆင်းစစ်ဆေးမည့်နေ့ရက်များကို သက်ဆိုင်ရာရတနာနယ်မြေ/ဒေသများရှိ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာန/ စခန်းရုံးများတွင် ကြေညာထားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားခဲ့ကြသည့်ကုမ္ပဏီ/ အသင်း/ပုဂ္ဂလိကများအနေဖြင့် မိမိတို့လျှောက်ထားခဲ့ကြသော ဖော်ထုတ်လုပ်ကွက်(အသစ်)များကို မြေပြင်တွင် ပြသစစ်ဆေးခံနိုင်ရန်အတွက် သက်ဆိုင်ရာ ရတနာနယ်မြေ/ဒေသများရှိ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းရုံးများသို့ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ အချိန်မီသွားရောက်ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

အထက(၄) ပုဇွန်တောင်(စတုတ္ထ)အကြိမ်မြောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

၁၉၆၇မှ ၁၉၈၇ခုနှစ်အတွင်း အထက(၄) ပုဇွန်တောင်ကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား တပည့်ဟောင်းများက ၁၂–၂–၂၀၀၆ ခုနှစ် (ပြည်ထောင်စုနေ့) ညနေ (၃း၀၀)တွင် ပူဇော်ကန်တော့လိုပါ၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆက်သွယ်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းများ–

(၁) ဦးအောင်မင်းကြွယ် – ၀၁–၆၂၀၃၈၀
(၂) ဦးကျော်စိုး – ၀၁–၂၉၄၁၀၃
(၃) ဦးကျော်ညွှန့်ဦး – ၀၉–၅၁၂၀၅၁၃
(၄) ဦးဟန်ထူး – ၀၁–၂၉၄၀၂၅
(၅) ဦးတင်အောင်ကျော် – ၀၉–၉၉၂၁၆၈၈
(၆) ဦးကျော်ထွန်း – ၀၁–၂၉၂၁၄၂။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၀၇

မြန်မာ့စီးပွားရေးဘဏ် မြင်းခြံ **နှင့်** ၁။ ဒေါ်ခင်ရီ ၂။ စိုးရန်ပိုင်

တရားနိုင် **တရားရှုံးများ**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၁၀၇တွင်ရရှိခဲ့သော ဒီကရီအရအောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် မတ်လ ၁၆ရက်နေ့၊ မြန်မာသက္ကရာဇ်(၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက် ကွင်းအမှတ်(၂၀၆၉/ခ) ကျောက်ပန်းတောင်း(တောင်)ကွင်း၊ မြေကွက်အမှတ်(၁၉၄/၆၄၃)၊ဧရိယာ ၀ဒသမ၁၀၉ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ(၂၅x၃၇x၂၁)ပေရှိ နှစ်ထပ်နံကပ်တိုက်ရှေ့မျက်နှာ(၂၅x၉)ပေကို ကိုးလက်မထုအုတ်နှင့် သံကူကွန်ကရစ်ခင်း ဝရံတာထုတ်၍ ဆေးပတ်ကားချယ်ထားသော နေအိမ်။(၂၂x၁၅x၈)ပေရှိ ထပ်ချင်းနံကပ်တိုက်၊ ဆီကြိတ်စက်ရုံ၊ တရုတ်ဖြစ် ငါးကောင်ရှိမော်တာနှင့် မြန်မာဖြစ် ၂၄နာရီ သုံးပီပါကျ ဆီကြိတ်ဆုံ။ **လေလံကြမ်းခင်းဈေး– ကျပ်သိန်း(၁၅၀)**

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်မှ တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှ ဖြစ်သည်။ ကြော်ငြာစာများတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)၊ မန္တလေးတိုင်းတရားရုံး။

ဝမ်းတွင်းမြို့ နတ်ကန်ကျောက်ချောလမ်းသစ်ဖွင့်

ဝမ်းတွင်း ဖေဖော်ဝါရီ ၂

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခုဘဏ္ဍာရေးနှစ်အတွက် နတ်ကန်ကျောက်ချောလမ်း အရှည်ပေ ၁၉၅၀၊ အကျယ် ၁၂ပေကို အဖွဲ့ရန်ပုံငွေကျပ် ၃၂၀၀၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့သော ကျောက်ချောလမ်းသစ်ကို ဇန်နဝါရီ ၃၀ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောထွန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဥက္ကဋ္ဌများ၊ ရပ်ကွက်နှင့်ကျေးရွာကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာကော်မတီများနှင့်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မုန်တောကြီးကျေးရွာအလှူရှင် စက်ရေတွင်းကို ခြံစည်းရိုးကြက်ဆူဆီဖြင့် ရေစက်စမ်းသပ်မောင်းနှင်ခြင်းနှင့် ရေဖြန့်ဝေပေးခြင်းကို ဇန်နဝါရီ ၂၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းနေ ဘွားအိမ်ပြည့်၏ (၁၀၁) နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)



မော်လမြိုင်ကျွန်း မြို့ နယ် စည် ပင် သာ ယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သ ခွတ်ကုန်း တံ တား ဆောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ ရက် က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အ မှု ဆောင်အရာရှိ ဦးမြင့်မောင်၊ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးချစ်သိန်းတို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖေဝင်းသူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းကိုင်မြို့ ပန်းခြံအတွင်း သန့်ရှင်းရေးဆောင်ရွက်

မိုင်းကိုင် ဇန်နဝါရီ ၃၁

မိုင်းကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းများပန်းခြံအတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဝင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပြည်မြို့ ထန်းပေါက်ကျေးရွာရှိ ဦးအေးခိုင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် အင်ဂျင်နီယာမှူး ဦးမြတ်ဟန်ဝင်းတို့ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ တတ်သိကျွမ်းကျင်သည့် အတတ်ပညာရှင်များ ပေါ်များမှ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ် ပြည်သူများ ပညာရည်မြင့်မားပြီး အသိဉာဏ်ပြည့်စုံကြွယ်ဝမှ မိမိနိုင်ငံမိမိ ကာကွယ်စောင့်ရှောက်နိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုကို ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား **စာမျက်နှာ ၆ ကော်လံ ၁** ●

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၈) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်ကြိုးပမ်းမှုကြောင့် ကျေးလက်နှင့်မြို့ပြ ကွာဟမှုကျဉ်းမြောင်းလာပြီး ကျေးရွာများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာ

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံစံပြကျေးရွာ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးကို ရှေးရှုပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက် စည်ပင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုကြောင့် ကျေးလက်နှင့် မြို့ပြကွာဟမှု ကျဉ်းမြောင်းလာပြီး ကျေးရွာများဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ်ရှိ နားခံစံပြကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး အထူးတိုးတက်ကောင်းမွန်သည့် ကျေးရွာတစ်ရွာဖြစ်သည်။ နားခံစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကျောင်းဆောင်သစ်ကို လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ မိုးနဲမြို့နယ် ပညာရေးမှူး ဦးကျော်မိုးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးဒေါနတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးဒေါနနှင့် ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးတင်သိန်းတို့က **စာမျက်နှာ ၇ ကော်လံ ၁** ■

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံစံပြကျေးရွာ ခြံစည်းရိုးကြက်ဆူမှ ဇီဝလောင်စာဆီ ထုတ်လုပ်အသုံးပြုပုံ သရုပ်ပြပွဲတွင် ကျေးရွာပြည်သူလူထုတို့ စိတ်ပါဝင်စားစွာ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)